MRF
Myanmar Rice Federation

# TRIENNIAL REPORT

2021-2023

MRF
Myanmar Rice Federation

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# TRIENNIAL REPORT 2021-2023

www.myanmarricefederation.org

# အသင်းချုပ် ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြစာနှင့် နှုတ်ခွန်းဆက်စကား

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်များ စီးပွားရေးနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အသင်းချုပ်၏ မိတ်ဆွေများနှင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို လုပ်ကိုင်နေသူများအတွက် မှတ်တမ်းအဖြစ် လေ့လာနိုင်ရန် ရည်ရွယ်၍ အသင်းချုပ်၏ ၂၀၂၁-၂၀၂၃ သုံးနှစ်တာလုပ်ငန်း အစီရင်ခံတင်ပြသည့် စာစောင် (Triennial Report) ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့တွင် ထုတ်ဝေနိုင်ခဲ့ခြင်းအတွက် စီစဉ်ဆောင်ရွက်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာမှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ ၂၀၂၁-၂၀၂၃ ကာလသည် ကိုဗစ်(၁၉)အလွန် နိုင်ငံတကာတွင် ပြောင်းလဲဖြစ်ပေါ်နေမှုများ၊ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာထားမှုများ၊ နိုင်ငံရေးစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများ အလွန်များသည့် ခက်ခဲကြမ်းတမ်းသော ကာလဖြစ်ပါသည်။ စိန်ခေါ်မှုများ၊ အခက်အခဲများရှိနေသော်လည်း အသင်းချုပ်အနေဖြင့် ပြည်တွင်းဆန်စပါးဈေးကွက်တည်ငြိမ်ရေး၊ စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပဈေးကွက်သို့ ပုံမှန်တင်ပို့နိုင်ရေးတို့အတွက် အစိုးရဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ဆန်စပါးကဏ္ဍ ပုံမှန်လည်ပတ်စေရန်နှင့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဖြစ်ပေါ်တိုးတက်စေရန် အထူးအားထုတ်ကြိုးပမ်းခဲ့ပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလကုန်အတွင်း အသင်းချုပ်အနေဖြင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ များစွာရှိသည့်အနက် မှတ်တမ်းအဖြစ် ဖော်ပြထားသင့်သည်များကို ကောက်နုတ်၍ ဤစာစောင်တွင် ဖော်ပြထားပါသည်။ အောက်ဖော်ပြပါလုပ်ငန်းများသည် အသင်းချုပ်အတွက်လည်းကောင်း၊ မြန်မာ့ဆန်စပါးလုပ်ငန်းအတွက်လည်းကောင်း၊ အရေးပါသော လုပ်ဆောင်ချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(၁) **"နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့"** ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသည့် **မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂** ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နှင့် (၆)ရက်နေ့တွင် ကျင်းပပြုလုပ်ကာ သုံးသပ်ဖော်ထုတ်ချက်(၄၃)ချက်ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခြင်း။

(၂) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် (၁)သိန်းအား ၂၀၂၁ ခုနှစ်၊ မေလ မှ ဩဂုတ်လအတွင်း တင်ပို့နိုင်ခဲ့ခြင်း။

(၃) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်းအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလများအတွင်း ရန်ကုန်၊ ပုသိမ်၊ စစ်တွေ ဆိပ်ကမ်းများမှ တင်ပို့နိုင်ခဲ့ခြင်း။

(၄) ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေကျပ် သိန်း(၁၀၀၅)သိန်းကို လည်းကောင်း၊ မိုခါသဘာဝဘေးထိခိုက်မှုများ ပြန်လည်ထူထောင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရမှတဆင့် ကျပ်သိန်း(၁၁၀၀)ကျော်နှင့် ပြည်ထောင်စုအစိုးရသို့ ကျပ်သိန်း(၂၀၀၀)ကိုလည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ခဲ့ခြင်း။

(၅) ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများ၏ ဝန်ထမ်းများအတွက် ရိက္ခာဆန်များ၊ အရန်ဆန်များကို ပိုမိုကျယ်ပြန့်စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ခြင်း။

(၆) ဥရောပနိုင်ငံများသို့ ဆန်၊ ဆန်ကွဲ တိုးမြှင့်တင်ပို့နိုင်ခြင်း။

(၇) ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်း အပါအဝင် ဆန်စပါးလုပ်ငန်းအား ခေတ်မီဒီဂျစ်တယ် နည်းလမ်းများဖြင့် စာရင်းပြုစု မှတ်တမ်းတင်နိုင်မည့် Myanmar Rice Online(MyRO) ကို ဖော်ဆောင်နိုင်ခြင်း။

(၈) MRF 3N Priorities များဖြစ်သော ဆန်စပါး MSME များ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် MRF Legacy Project များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခြင်း။

(၉) အသင်းဝင် ကုမ္ပဏီများ၏ ကန်ထရိုက်လယ်ယာလုပ်ငန်းများ၊ နွေစပါး၊ မိုးစပါး ဝယ်ယူ သိုလှောင် ကြိတ်ခွဲ တင်ပို့ရေးလုပ်ငန်းများအတွက် Access to Finance ကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခြင်း။

(၁၀) ကုမ္ပဏီအဖွဲ့အစည်းအသင်းဝင် Corporate Member အရေအတွက်(၁၀၀၀)ကျော်သည့်အထိ ကုမ္ပဏီ/အဖွဲ့အစည်း အသင်းဝင်မှုအခြေအနေ တိုးတက်လာခြင်း။

၃။ အသင်းချုပ်အနေဖြင့် ရရှိထားပြီးဖြစ်သော အတွေ့အကြုံ၊ အစီအမံကောင်းများကို အခြေခံ၍ ပိုမိုတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ပုဂ္ဂလိက ဆန်စပါးလုပ်ငန်း လုပ်ကိုင်သူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အကျိုးစီးပွား၊ နိုင်ငံတော်၏ ဆန်စပါးကဏ္ဍ အကျိုးစီးပွားနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွား တိုးတက်စေရေးတို့ကို အထူးဦးစားပေး၍ ကြိုးပမ်းလျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(ရဲမင်းအောင်)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

MRIA MYANMAR RICE INDUSTRY ASSOCIATION

MRF Myanmar Rice Federation

# အသင်းချုပ်ဖြစ်ပေါ်လာပုံ (သို့) MRIA မှ MRF သို့

၁။ ၂၀၀၈ ခုနှစ်မှ စတင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးရေးနှင့်ထောက်ပံ့ရောင်းဝယ်ရေးကွင်းဆက်(Supply Chain Mechanism)ကို ဦးစားပေးဖော်ဆောင်လာပြီး ဆန်စပါး အထူးပြုကုမ္ပဏီများ ဖွဲ့စည်းရေးအပေါ် အားပေးကူညီဆောင်ရွက်ခဲ့ပါသည်။ (၁၅.၅.၂၀၀၉)ခုနှစ်တွင် ဆန်စပါးစိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံတော်အဆင့် ဆွေးနွေးပွဲအဖြစ် ကျင်းပခဲ့ပြီး ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) အပါအဝင် ဝန်ကြီးများ တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲ၏ သုံးသပ်ဖော်ထုတ်ချက်များ၊ အကြံပြုချက်များနှင့်အညီ ဆန်စပါးအထူးပြုကုမ္ပဏီများကိုလည်း မြို့နယ် များတွင် ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ကြပါသည်။ ၂၀၀၉ ခုနှစ်တွင် အဆိုပါ ဆန်စပါးအထူးပြုကုမ္ပဏီများ ပါဝင်သည့် အသင်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်ခြင်းမှ အစပြု၍ ဆန်စပါးလုပ်ငန်းကို ကိုယ်စားပြုသည့်အသင်း ထူထောင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ကြိုးကြပ်ဆောင်ရွက်ခဲ့ပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် ယခင်ဖွဲ့စည်းထားပြီးဖြစ်သော မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ကို အစုအဖွဲ့အဖြစ် ပါဝင်စေပြီး ဆန်စပါး အထူးပြုကုမ္ပဏီများ ပူးပေါင်းပါဝင်စေလျက် ဆန်စပါးစိုက်ပျိုးသည်မှ တင်ပို့ရောင်းချသည်အထိ (Supply Chain) တစ် လျှောက်လုံး ပါဝင်သော စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲတင်ပို့ရောင်းချသူများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အချိတ်အဆက်မိစွာ လုပ်ငန်းများဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (Myanmar Rice Industry Association-MRIA) ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းစဉ်က မူလတည်ရှိခဲ့သော အသင်း(၃)သင်းကို အသင်းအဖြစ်ရပ်တည်ရန် ခွင့်ပြုခြင်းမပြုဘဲ အစုအဖွဲ့အဖြစ်သာ ရပ်တည်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညွှန်ကြားခဲ့ရာ ဆန်စပါးလောကရှိအသင်းများနှင့် ဆန်စပါးလောကသား တို့အတွက် အတွေးအမြင်အယူအဆမျိုးစုံပေါ် ပေါက်စေခဲ့ပါသည်။

၃။ ထိုသို့ အစုအဖွဲ့၊ အသင်းစသည်ဖြင့် အတွေးအမြင်၊ အယူအဆမျိုးစုံရှိခဲ့သော်လည်း MRIA သည် တိုင်း၊ ပြည်နယ် အသင်းခွဲများဖွဲ့စည်းခြင်း၊ မြို့နယ်အသင်းခွဲများဖွဲ့စည်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ခြင်းတို့ကို (၂)နှစ်ကျော် ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် အစိုးရသစ်တက်လာသောအချိန်တွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်း(MRIA)အား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) အဖြစ်သို့ ပြောင်းလဲတိုးမြှင့်ဖွဲ့စည်းရန်နှင့် မူလတည်ရှိသော အသင်းများ၊ ပြန်လည်သက်ဝင်လှုပ်ရှားပြီး အသင်းချုပ်၏ဦးဆောင်မှုအောက်တွင် လုပ်ငန်းဆောင်ရွက်ရန် သဘောတူညီ မှုဖြင့် ၂၀၁၃ ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကို ဖွဲ့စည်းခဲ့ပါသည်။

၄။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ရွေးကောက်တင်မြှောက်ပွဲ (၅)ကြိမ် ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံနှင့်အညီ ကဏ္ဍအသီးသီး မှ အထွေထွေညီလာခံကိုယ်စားလှယ်များမှ စီမံခန့်ခွဲရေးကော်မတီခေါင်းဆောင်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှု ဆောင်များကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မန္တလေးမြို့တွင် ကျင်းပသော အထွေထွေညီလာခံတွင် ဥက္ကဋ္ဌ ဦးချစ်ခိုင်မှ နုတ်ထွက်ရန်အဆိုပြုတင်ပြခဲ့ပြီး ကျန်ရှိသော သက်တမ်းကာလအတွက် နောင်ရွေးချယ်တင်မြှောက်ပွဲမကျင်းပချိန် အထိ ယာယီအားဖြင့် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်တို့ကို အထွေထွေညီလာခံမှ တင်မြှောက်လာခဲ့ပါသည်။ အသင်းချုပ်၏ ၂၀၂၂-၂၀၂၄ သက်တမ်းအတွက် ရွေးကောက်ပွဲကို (၃၁.၁၂.၂၀၂၁)ရက်နေ့ တွင် ကျင်းပခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးရဲမင်းအောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးလူမော်မြင့်မောင်တို့အား ရွေးချယ် တင်မြှောက်ခဲ့ပါသည်။

# LEADERS OF MRF

MRF
Myanmar Rice Federation



YE MIN AUNG
Executive Chairman



KYAW WIN
Vice Chairman



KHIN MYINT
Vice Chairman



AUNG ZAW OO
Vice Chairman



DR.SOE TUN
Vice Chairman



DR MYO AUNG KYAW
Vice Chairman



LU MAW MYINT MAUNG
Secretary General



YAZAR MYO
Joint Secretary General



NAY LIN ZIN
Joint Secretary General



NAY LIN
Joint Secretary General



THAUNG TIKE SOE
Joint Secretary General



THAN HTAY OO
Joint Secretary General



KYAW KYAW MOE
Joint Secretary General



KHIN PHYU PHYU KYAW
Joint Secretary General



AUNG MYINT
Treasurer



TIN AUNG LATT
Auditor



THIDER WIN
Joint Treasurer



CHO CHO
Joint Treasurer



SAI KYAW
Joint Auditor



ZAW LWIN OO
Joint Auditor











# မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂

မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်လားရာများကို လေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန် မဟာဗျူဟာနှင့်အညီ ဆန်စပါး စိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲတပ်ဆင်ရမည့် အစီအစဉ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ်များကို ဆွေးနွေးဖော်ထုတ်ရန် ရည်ရွယ်၍ "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့"ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ (Myanmar Rice Conference – 2022) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(ဗဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးလူငယ်လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း/ ပြည်ပစိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မှာစကားအား ဖော်ပြအပ်ပါသည်(Source: ကြေးမုံ သတင်းစာ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်






ပျိုးထုတ်လုပ်ခြင်းသည် ရှေးရာစုနှစ်များစွာကတည်းက ဆောင်ရွက်လာခဲ့သည် မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ခေတ်စနစ်များ ပြောင်းလဲလာမှုနှင့်အတူ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကဏ္ဍတွင်လည်းဖြစ်ပေါ်ပြောင်းလဲမှု၊ တိုးတက်မှုများစွာ ပေါ်ပေါက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိက စားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံ တစ်ခုလည်းဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများရစေနိုင်သည့် (Quick Win) အစီအစဉ်တစ်ခုလည်းဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး ဦးတည်ချက်များထဲတွင် "စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဆိုသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် မြေအရင်းအမြစ်၊ ရေသယံဇာတနှင့် လူသားအရင်းအမြစ်များ ပြည့်စုံပြီးဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို စနစ်တကျစီမံ ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ဆင်းရဲ



မှု လျော့နည်းပပျောက်ရေးအတွက်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက်ပါ များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် စားနပ်ရိက္ခာ ဖူလုံမှုအပေါ်တွင် စိန်ခေါ် မှုများစွာ ပေါ်ပေါက်လျက်ရှိနေပြီး နိုင်ငံတိုင်းက ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် ဦးတည်ပြီး မူဝါဒမျိုးစုံ ချမှတ် ကျင့်သုံးနေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထိုသို့သော အခြေအနေမျိုးတွင် စိုက်ပျိုးရေးကို အခြေခံပြီး စားနပ်ရိက္ခာ ကောက်ပဲသီးနှံထုတ်လုပ်နိုင်သည့် မြန်မာနိုင်ငံအတွက် အခွင့် အလမ်းကောင်းများ များစွာပေါ်ပေါက်လာသည်ကို သုံးသပ် တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပေါ်ပေါက်လာသည့် အခွင့်အလမ်းကောင်းကို အမိအရ ရယူပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက် မှုဆောင်ရွက်ရာတွင် ဆန်စပါးကဏ္ဍသည် ယခင်ကထက်ပိုမို ဦးစားပေး ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း အသိပေး လိုပါကြောင်း၊ အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန် သည့် ဆန်စပါးတိုးချဲ့ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမို တင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့်ဆောင်ရွက် သွားကြရန်လည်းတိုက်တွန်းလိုပါကြောင်း။

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲ အကောင်အထည် ဖော်လျက်ရှိသည့် "အမျိုးသား ပို့ကုန် မဟာ ဗျူဟာ" ၏ ဦးစားပေးပို့ကုန် အမယ်ထဲတွင် ဆန်နှင့် ဆန်ထွက် ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာ၏ မျှော်မှန်းချက်သည် "ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေ ရေးအတွက် အရည်အသွေးမြင့်မားပြီး၊ သဘာဝပတ်ဝန်းကျင် နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုး တိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့်တင်ပို့ရေး" ဖြစ်ပါကြောင်း။





အဆိုပါမဟာဗျူဟာ ရည်မှန်းချက်အရ မြန်မာ့ဆန်စပါး တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခု "မြန်မာ့ဆန်စပါးညီလာ ခံ ၂၀၂၂" ကို "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့ (Rising with Rice)" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)တို့ပူးပေါင်းကျင်းပခြင်းကိုလည်း ကြိုဆိုပါကြောင်း။

ယခုကျင်းပသည့်ညီလာခံတွင် မြန်မာနိုင်ငံ၏ဆန်စပါး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့် သည့်လုပ်ငန်းစဉ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်ချက် လားရာများကို လေ့ လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါး စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲပြင်ဆင်ရမည့် လုပ်ငန်းအစီအစဉ်များ၊ အစိုးရ နှင့်ပုဂ္ဂလိက ကဏ္ဍများမှ ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ် များကို ဆွေးနွေးဖော်ထုတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာ့ဆန်စပါးညီလာခံကို အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲ (Public-Private Dialogue) ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ် သည့်အတွက် ဆန်စပါးနယ်ပယ်အတွင်းတွင် ကျွဲပြားသည့် လုပ်ငန်းတာဝန်များနှင့် ပါဝင်လျက်ရှိသူများအနေဖြင့် ဆွေးနွေး မှုများကတစ်ဆင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီသည့် ဦးတည်ချက်များ ချမှတ်သွားနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာ ဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေး လုပ်ငန်းစဉ် (၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

မိမိတို့နိုင်ငံ၏ လူဦးရေ(၇၀)ရာခိုင်နှုန်းခန့်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကလည်း နိုင်ငံသူ နိုင်ငံသားများအားလုံး စားရေးရိက္ခာဖူလုံရေး၊ အာဟာရ ပြည့်ဝစွာရရှိရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆန်စပါးသည် အဓိက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံဖြစ်ပြီး သီးနှံစိုက်ပျိုးဧရိယာ အားလုံး၏ (၃၄)ရာခိုင်နှုန်းခန့်ရှိပါကြောင်း။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးဧက (၁၇)သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါး စိုက်ဧက(၁၅)သန်းခန့်နှင့် နွေစပါးစိုက်ဧက (၂) ဒသမ (၄) သန်း၊ စုစုပေါင်း စပါးစိုက်ပျိုးဧက (၁၇)ဒသမ (၄)သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။ တိုင်းပြည်၏ အဓိက သီးနှံဖြစ်သည့် တင်ပို့နိုင်ရေးအတွက်လည်း စပါးစိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်မှုဖြစ်စေရေး ထိထိရောက်ရောက်ကြိုးပမ်းကြရန် အရေးကြီးကြောင်း။ စပါးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးနိုင်ရန် အရေးကြီးသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် စပါးမျိုး ၉၀ ကျော် စိုက်ပျိုးလျက်ရှိရာတွင် ပြည်တွင်း ဈေးကွက်အကြိုက် စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါးမျိုး ၂၀ ကျော် ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် စပါးမျိုး မြောက်မြားစွာ စိုက်ပျိုးနေမည့်အစား ရေလိုအပ်ချက်နည်းပြီး ရေကြီးနစ်မြုပ်မှုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်သည့် ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီသောဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်ပြီး ပြည်တွင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးသန့်စိုက်ပျိုးသည့် ဓလေ့မှ အရည်အသွေးကောင်းသည့် မျိုးစေ့များ ဝယ်ယူသုံးစွဲ စိုက်ပျိုး






စပါး (၁)ဧကထွက်နှုန်းကို ရည်မှန်းချက်ဖြစ်သည့် တင်း(၁၀၀) ထွက်ရှိနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ နိုင်ငံသားများ တစ်နှစ်ကို ဆန်စားသုံးမှု (၁၅၅)ကီလိုဂရမ်၊ တစ်နည်းအားဖြင့် (၉၇)ပြည်ခန့် စားသုံးမှုရှိသည့်အတွက် နိုင်ငံအတွင်း စားသုံးမှုသည် လက်ရှိစပါး စိုက်ပျိုးမှုနှင့် ဖူလုံပိုလျှံမှုရှိပါကြောင်း၊ လက်ရှိစပါး စိုက်ပျိုးဧက အတိုင်း သီးထပ် အပြည့်အဝ စိုက်ပျိုးနိုင်မည်ဆိုပါက များစွာ ပိုလျှံပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စပါးစိုက်ဧကတိုးချဲ့ရေးထက် လက်ရှိစပါးစိုက်မြေများတွင် စပါးပြီးစပါး၊ စပါး ပဲ စပါး၊ စပါး နေကြာ စပါး စသဖြင့် မိမိတို့နှစ်သက်ရာသီးနှံများဖြင့် တွဲဖက်ပြီး သီးထပ်အဖြစ် စိုက်ပျိုးသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ထုတ်လုပ်မှုရှိမှသာထုတ်ကုန်ပစ္စည်းရှိပြီးရောင်းကုန်ပစ္စည်းလည်းရရှိလာမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းဆန်ရိက္ခာဖူလုံပိုလျှံပြီး ပြည်ပသို့ ပိုမို နိုင်သည့် အခြေအနေရောက်ရှိနိုင်ရန်ကိုလည်း ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရတာတွင် မျိုးစေ့ထုတ်ကုမ္ပဏီများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့်လည်း မျိုးကောင်းမျိုးသန့်များရွေးချယ် အသုံးပြုခြင်းနှင့်အတူ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာတို့ကို ရောနှောရောစပ် အသုံးပြုခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည်ကို အကြံပြုတိုက်တွန်းလိုပါကြောင်း။ မကြာမီရောက်ရှိတော့မည့် နွေစပါးရာသီအတွက် ဧက ၈ ဒသမ ၅ သိန်းတွင် အကျိုးတူလယ်ယာစနစ် (Contract Farming) ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က တစ်ဧကကို ကျပ်(၂)သိန်းနှုန်းဖြင့် အထူးချေးငွေ စီစဉ်ပေးမည်ဖြစ်ပြီး ဆန်




စပါးသီးနှံအတွက် ငွေကျပ် (၁၄၀)ဘီလီယံအထိ ထောက်ပံ့ပေးအပ်သွားရန် စီစဉ်ပေးထားပါကြောင်း၊ အဆိုပါထောက်ပံ့မှုများသည် မျိုး၊ မြေဩဇာ စသည့်သွင်းအားစုအတွက် ထောက်ပံ့မှုဖြစ်ပြီး သက်ဆိုင်သူအားလုံးက အကျိုးရှိစေရေး စနစ်တကျပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးကောင်းသည့် စပါးများထွက်ရှိရန်လိုသကဲ့သို့ ထွက်ရှိလာသည့် စပါးကို ကြိတ်ခွဲရာတွင်လည်း သန့်ရှင်းပြီး အဆင့်အတန်းမီသည့် ဆန်များရရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ဆန်ဈေးကွက်တွင် ဈေးနှုန်းဈေးကွက် (Price Market)နှင့် အရည်အသွေးဈေးကွက် (Quality Market) ဟူ၍ ဈေးကွက်နှစ်မျိုးရှိရာတွင် မြန်မာနိုင်ငံအနေဖြင့် ကြိတ်ခွဲထုတ်လုပ်မှုအပိုင်းတွင် ခေတ်မမီသည့်အတွက်ကြောင့် ရှေးယခင်ကတည်းကပင် ဈေးကောင်းမရရှိသည့် တန်းနိမ့်ဆန်များကို ဦးစားပေးတင်ပို့ခဲ့ရသည့် အခြေအနေမှ ယနေ့ကာလတွင် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်များကို တိုးမြှင့်တင်ပို့လာနိုင်သည့် အခြေအနေကို စတင်ပြောင်းလဲရောက်ရှိလာသည်ကို တွေ့ရှိရပါကြောင်း။

ယနေ့ ဆန်စပါးလုပ်ငန်းတွင် ဆန်အရည်အသွေးနှင့် ပတ်သက်၍ ကြုံတွေ့နေရသော ပြဿနာများဖြစ်သည့် ဆန်နီစပါးများခြင်း၊ မျိုးရောနှောခြင်း၊ မျိုးကွဲများပြားခြင်း၊ ဆန်စပါးအရွယ်အစားသည် စားသုံးသူများအတွက် ဆွဲဆောင်မှုအားနည်းခြင်း၊ ဆန်အရောင်အသွေးမလှပခြင်း၊ ဆန်အရည်အသွေးအားနည်းခြင်းများသည် ဈေးကွက်ကို များစွာထိခိုက်စေပါကြောင်း၊ ထို့ကြောင့် အဆိုပါ စိန်ခေါ်မှုများကို စိုက်ပျိုးထုတ်လုပ်မှုအပိုင်းက ပြုပြင်ပြောင်းလဲရမည့် ဆောင်ရွက်မှုများလိုအပ်သလို ကြိတ်ခွဲထုတ်လုပ်မှု အပိုင်းကလည်း ပြောင်းလဲဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ဆောင်ကြမယ်ဆိုပါက မြန်မာ့ဆန် ဈေးကွက်ဝင်ရောက်မှုသည် သိသာစွာတိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှုဖြင့် စီမံဆောင်ရွက်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ လိုအပ်သကဲ့သို့ တိုင်းဒေသကြီး ပြည်နယ်အစိုးရများအနေဖြင့် ဆန်ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး အထူးအလေးပေးဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း။



မြန်မာနိုင်ငံလွတ်လပ်ရေးမရရှိမီကာလက ဆန်တင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် ပြည်ပကို ဆန်တန်ချိန် ၃ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့ဆန် အများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့ခြင်းမှ တဖြည်းဖြည်း ပြည်ပတင်ပို့နိုင်မှု ကျဆင်းခဲ့ပြီး ၂၀၀၁ - ၂၀၀၂ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ပတင်ပို့နိုင်မှုပြန်လည်တိုးတက်လာခဲ့ကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၆ သန်းကို နိုင်ငံ ၆၄ နိုင်ငံထိ ပြန်လည်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။ လက်ရှိ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် ၆ လတာကာလအတွင်း ဆန်တန်ချိန် ၅ သိန်းကျော်နှင့် ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သိန်း၊ စုစုပေါင်း တန်ချိန် ၈ ဒသမ ၆ သိန်းကျော် ကိုနိုင်ငံ ၃၈ နိုင်ငံကို တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဆန်၊ ဆန်ကွဲ တန်ချိန် ၂ သိန်းကျော် ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရပါကြောင်း၊ ဆန်အရည်အသွေး ကောင်းမွန်ရေးသည် ပြည်ပဆန် တင်ပို့မှုတွင် အရေးပါပြီး အချို့ပြည်ပနိုင်ငံများကို ပေါင်းဆန် တင်ပို့ရာတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀ မှ ၅၀၅ အထိ ဈေးရရှိသည်ကိုတွေ့ရပါကြောင်း၊ ဘဏ္ဍာနှစ် ၆ လပတ်အတွင်း ဆန်တင်ပို့မှု တန်ချိန် ၈ ဒသမ ၆ သိန်းအနက် ပေါင်းဆန် ၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၄၂ ရာခိုင်နှုန်း၊ ပုံမှန်ဆန် တင်ပို့မှု ၅၃ ရာခိုင်နှုန်း ဖြစ်နေသည့်အတွက် အခုကဲ့သို့ ပြည်ပပို့ကုန် အလားအလာကောင်းမွန်နေသည့် အခြေအနေတွင် ပြည်တွင်းဆန် ထုတ်လုပ်မှု တိုးတက်ရေး၊ အရည်အသွေးမြင့်မားရေးကို ယခုညီလာခံတွင် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း။

မြန်မာ့ဆန်ကို လွန်ခဲ့သည့်ကာလများက အာဖရိကနှင့် ဥရောပနိုင်ငံများကို အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ရာမှ ယခုအခါအာရှဈေးကွက်ကို ပိုမိုတင်ပို့လာသည်အထိ ဈေးကွက်ကျယ်ပြန့် ပြောင်းလဲလာမှုကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဈေးကွက်အသစ်များကို ရှာဖွေတင်ပို့ရန် လိုအပ်သကဲ့သို့ မူလရရှိပြီးသား ဈေးကွက်များကိုလည်း ရေရှည်ဆက်လက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ဆန်ကို ဝယ်ယူနေသည့်နိုင်ငံများထဲတွင် ယခင် ၃/၄ နှစ်က ဝယ်ယူမှုရှိပြီး လက်ရှိပျောက်ကွယ်နေသည့် အာဖရိကနှင့် တောင်အာရှ ဈေးကွက်များကိုလည်း ဆန် ပြန်လည်တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက်ပြန်လည်ရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ဌာနဆိုင်ရာများဘက်ကပါ ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားလိုပါကြောင်း။

ဆန်ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းမှုအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တတိယအကြိမ်အဖြစ် ဆန်တန်ချိန် ၂ သိန်းရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး တန်းမြင့်ဆန်တစ်ချို့ကိုလည်း အာဖရိကနိုင်ငံသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုပါ တိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာဈေးကွက်အခြေအနေများကိုလည်း မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပိုလျှံမှုကို ပြည်ပသို့ စနစ်တကျ တိုးချဲ့တင်ပို့နိုင်ရေးကို အလေးထားပြီး စီစဉ်လုပ်ဆောင်သင့်သည်ကို တိုက်တွန်းလိုပါကြောင်း၊ အရည်အသွေးကောင်း တန်းမြင့်ဆန်များ ပိုမိုထုတ်လုပ်ပြီး တင်ပို့ရောင်းချမှုမှ ဝင်ငွေတိုးတက်ရရှိမည်ဖြစ်သည့်အတွက် ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့် ထွက်ကုန်များ ထုတ်လုပ်နိုင်အောင် စနစ်တကျ စီမံလုပ်ဆောင်သင့်ပါကြောင်း၊ ဆန်စပါးလုပ်ငန်းကို ပို့ကုန်မြှင့်တင်ရေးအတွက်သာမက သွင်းကုန်အစား ထိုးရေးအတွက်ပါ မဟာဗျူဟာမြောက် စဉ်းစားဖော်ဆောင်နိုင်ပါကြောင်း၊ ဘေးထွက်ပစ္စည်း ဖြစ်သည့် တိရစ္ဆာန်အစာအဖြစ်သာ အသုံးဝင်သည့် ဖွဲနကို သွင်းကုန်အစားထိုး ကျန်းမာရေးအထောက်အကူပြုနိုင်သည့် တန်ဖိုးမြင့် ဖွဲနဆီထုတ်ယူပြီး ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက ပြည်ပမှဆီတင်သွင်းမှု




လျှော့ချနိုင်မည်ဖြစ်သဖြင့် ဖွဲနုဆီစက်များ တည်ဆောက်လည်ပတ်နိုင်ရေးအတွက် ပုဂ္ဂလိက၊ အစိုးရ၊ အသင်းအဖွဲ့ စသည့်ကဏ္ဍအသီးသီးမှ ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေး ဖော်ထုတ်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။ နှစ်စဉ်ဆန်စပါး ထုတ်လုပ်မှုမှ ၈၀ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းရှိလုပ်သားပြည်သူများ၊ တောင်သူလယ်သမားများအပါအဝင်လူထုတစ်ရပ်လုံး၏ စားသုံးမှု၊ အခြားမုန့်ပဲသရေစာများ ထုတ်လုပ်မှုတွင် အသုံးချလျက်ရှိပြီး ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပတင်ပို့မှု ဆောင်ရွက်နေခြင်းကြောင့် ပြည်တွင်းစားသုံးမှု၊ ဆန်စပါး ဈေးကွက်တည်ငြိမ်ရေးကိုလည်း အစိုးရ - ပုဂ္ဂလိက တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း သွင်းအားစုကုန်ကျစရိတ်များနှင့် လျော်ညီသည့် စပါးဈေးနှုန်းများရရှိရန်လိုအပ်မည်ဖြစ်သကဲ့သို့ စားသုံးသူ လုပ်သားပြည်သူများအတွက်လည်း သင့်တင့်သည့် ဆန်ဈေးနှုန်းများနှင့် ဝယ်ယူစားသုံးနိုင်ရေး၊ နိုင်ငံခြားပို့ကုန်ကိုလည်း စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး သုံးဘက်ညီလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များအားလုံး ဟန်ချက်ညီညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အနာဂတ်တွင် ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရိတ်သိမ်းချိန်မတိုင်မီ စိုက်ပျိုးထုတ်လုပ်မှု (Pre-Harvest) ကဏ္ဍတွင် တောင်သူလယ်သမားများအတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသည့် သီးနှံအာမခံစနစ်များ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်ဝင်အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို မျိုးအရေအတွက်နည်းနည်း ပမာဏများများဖြင့် ရွေးချယ်စိုက်ပျိုးစေရေး၊ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် စပါးမျိုးများကိုစနစ်တကျရွေးချယ်ပြီး၊ စိုက်ပျိုးရာတွင်လည်း ဒေသအလိုက် ဇုန်များသတ်မှတ်ပြီး စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူ ကုမ္ပဏီများအကြား အကျိုးတူလယ်ယာစနစ် (Contract Farming)ဖြင့် တစ်ဧက အထွက်နှုန်း တိုးတက်ပြီး ဝင်ငွေတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဆန်စပါးအထူးပြုကုမ္ပဏီကြီးများထူထောင်ပြီး တန်ဖိုးကွင်းဆက် (Value Chain) တစ်လျှောက် စနစ်တကျထိရောက်စွာ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်ချက်များကို ဝိုင်းဝန်းအဖြေရှာဆွေးနွေးကြရန်မှာကြားလိုပါကြောင်း။

ရိတ်သိမ်းချိန်လွန် (Post-Harvest) ကဏ္ဍတွင်လည်း စပါးအရည်အသွေး ထိန်းသိမ်းနိုင်ရေးအတွက် စပါးအခြောက်ခံစက်များ တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ရေး၊ ပြည်ပတင်ပို့ရာတွင် ဈေးကောင်းရရှိသည့် တန်းမြင့်ဆန် ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆန်စက်များ တိုးတက်များပြားလာစေရေး၊ အရည်အသွေးကောင်းဆန်များကို အရေအတွက် ပိုမိုထုတ်လုပ်နိုင်ပြီး ပြည်ပဈေးကွက်ကို တိုးတက်တင်ပို့နိုင်ရေး၊ ဆန်စပါးကဏ္ဍတွင် ဒီဂျစ်တယ်နည်းပညာများ ထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့တက်ရောက်လာသည့် ဆန်စပါးနယ်ပယ်မှ အတွေ့အကြုံရှိသည့် ဘာသာရပ်ဆိုင်ရာ ဆန်စပါးပညာရှင်များ၊

ပုဂ္ဂလိကကဏ္ဍ နယ်ပယ်အသီးသီးမှ ပါဝင်တက်ရောက်သူများ၊ ဆန်စပါးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနအသီးသီးမှတာဝန်ရှိသူများအပြင် ပြည်ပမှလာရောက်သည့် ဆန်စပါးပညာရှင်လည်း ပါဝင်တက်ရောက်ကြောင်း သိရှိရသည့်အတွက် အရည်အသွေးကောင်းမွန်သည့် ဆန်စပါးထုတ်လုပ်နိုင်ရေး၊ အရေအတွက် ပမာဏပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပနိုင်ငံများကို ပိုမိုတင်ပို့ရောင်းချနိုင်ရေးတို့အတွက် ထိထိရောက်ရောက် ဆွေးနွေးဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေတို၊ ရေရှည်စီမံကိန်း၊ စီမံချက်များဖြင့် ဆောင်ရွက်သွားရမည့် သုံးသပ်အကြံပြုချက်များကိုလည်း ဖော်ထုတ်ပေးကြရန်တိုက်တွန်းပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင်တစ်ချိန်က ဆန်အများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် မှတ်တမ်းတင်ခံခဲ့ရသော နိုင်ငံဖြစ်သည့်အတွက် ယခင်အခြေအနေကို ပြန်လည်ရောက်ရှိအောင် စိုက်ပျိုးသူ လယ်သမားကြီးများ၊ သိုလှောင်ကြိတ်ခွဲသူများ၊ ကုန်သည်ကြီးများ၊ ပြည်ပတင်ပို့သည့်ကုမ္ပဏီများ၊ တစ်ဆင့်ခံရောင်းဝယ်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးနယ်ပယ်မှ အသင်းအဖွဲ့များက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦးနှင့် ဦးလှမိုးတို့က မြန်မာ့ဆန်စပါး ညီလာခံ - ၂၀၂၂ အခမ်းအနားကျင်းပပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့" ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။

တင်ပြဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းပညာများလိုအပ်မှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိက ကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှု၊ စိုက်ပျိုးမြေများကို စက်ကိရိယာများအသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျပြုပြင်ဆောင်ရွက်ရန် လိုအပ်မှု၊ ဓါတ်မြေသြဇာများလုံလောက်စွာရရှိရေးအတွက်နိုင်ငံတော်အစိုးရမှကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဇီဝမြေသြဇာများကဲ့သို့သော သဘာဝမြေသြဇာများကို အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မှု၊ ဆန်စပါးများအရည်အသွေး ပြည့်မီစွာထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များသို့ ရောင်းချနိုင်ရေး ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးကွက်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်မှု၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။




ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအထူးပြု ပြခန်းများအတွင်း မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်၊ စပါးများနှင့် မြေသြဇာများ ပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ မြန်မာ့ဆန်စပါး ညီလာခံ - ၂၀၂၂ (Myanmar Rice Conference – 2022) ကို အောက်တိုဘာ(၆)ရက်မှ(၇)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး ညီလာခံအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးဝယ်ယူ၊ သိုလှောင်ကြိတ်ခွဲခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ သုံးသပ်ဖော်ထုတ်ချက်(၄၃)ချက်ကို ချမှတ်နိုင်ခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

# ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နှင့် (၇) ရက်နေ့တို့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ မှ ဖော်ထုတ်ချက်များ

## ■ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ (၁၅) ချက်

၁။ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်တွင် တောင်သူ ကြိုက်နှစ်သက်သော မျိုးကောင်း မျိုးသန့် အထွက်ကောင်းစပါးမျိုးများကို ဆန်စပါးဂေဟစနစ် (Rice Ecosystem) (၇)ခုအလိုက် ဖုန်ခွဲခြား၍ ဂေဟစနစ် တစ်ခုချင်းအတွင်းတွင် ထောက်ခံမျိုး ( ၅ မျိုးမှ ၁၀ မျိုးအထိ) ကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရန်။

၂။ နိုင်ငံတော်၏ ပို့ကုန်မြှင့်တင်ရေးအတွက် ဆင်းသုခ၊ နံကောက်၊ ထွန်းပု၊ ငစိန်ရာကျော်၊ ကရင်မ၊ ရက်-၉၀ မျိုး စုစုပေါင်း စပါးမျိုး(၆)မျိုးနှင့် ဈေးကွက်မှ တောင်းဆိုသည့် စပါးမျိုးကွဲများကိုပါ အထူးဦးစားပေးထုတ်လုပ်နိုင်ရေး မူဝါဒချမှတ်ရန်။

၃။ ပုဂ္ဂလိက မျိုးစေ့လုပ်ငန်းများ၊ ဆန်စပါးအထူးပြုကုမ္ပဏီများကို ကူညီအားပေးလုပ်ဆောင်နိုင်ရေးနှင့် နိုင်ငံတော်၏ အမျိုးသားမျိုးစေ့ဆိုင်ရာအဖွဲ့အစည်း (National Seed Institution) ထူထောင်ရေးလုပ်ငန်းများ၊ ပေါင်းစပ်ချိတ်ဆက် ပူးပေါင်း နိုင်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ အကောင်အထည်ဖော်ရန် လွယ်ကူ အဆင်ပြေမည့် စီမံချက်တစ်ရပ်ကို ရေးဆွဲတင်ပြရန်။

၄။ ရပ်ရွာဒေသအခြေပြု မျိုးစေ့ထုတ်လုပ်မှု (Community Level Seed Production)၊ သဘာဝမြေဩဇာထုတ်လုပ်မှု (Natural Fertilizer Production) တို့ကို ဆန်စပါးအထူးပြု ကုမ္ပဏီများ၊ Exporter ကုမ္ပဏီများနှင့် ဆန်စက်ပိုင်ရှင်များ ပူးပေါင်းပါဝင်နိုင်ရေး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်။

၅။ တောင်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ဦးစားပေးစီစဉ် ပေးရန်၊ နိုင်ငံပိုင် ယူရီးယားဓာတ်မြေဩဇာစက်ရုံများ၏ ထုတ်လုပ်မှုလျော့နည်းချိန်တွင် Nitrogen Fertilizer သက်သက် ဖြန့်ဖြူးခြင်းအစား Potassium, Phosphate မြေဩဇာများနှင့် NPK Bulk Blend ရောနှောထုတ်လုပ်ကာ 15:15:15 NPK စသော ထုတ်လုပ်မှုမျိုးကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် စီစဉ်ဆောင်ရွက်ရန်။

၆။ ပုံစံ-၇ ရှိသော လယ်သမားများကြီးများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁၀)ဧကအထိသာ စိုက်စရိတ်ထုတ်ပေး သဖြင့် ကျန်ရှိနေသော လယ်ဧကများအတွက် စိုက်စရိတ်ကို ပုဂ္ဂလိကဘဏ်များမှ ချေးငွေပေးနိုင်ရေး စီစဉ်ဆောင်ရွက် ရန်နှင့် (၁၀)ဧကအထက်ရှိ ပိုင်ဆိုင်သည့် လယ်သမားများအား စိုက်စရိတ်ချေးငွေထုတ်ချေးမည်ဆိုလျှင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် ချေးယူထားခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ရန်။

၇။ သီးနှံအာမခံစနစ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စများကို အသင်းအဖွဲ့များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ရန်။

၈။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ ရခိုင်၊ ကရင်၊ မွန်နှင့် နေပြည်တော် စသောအလားအလာရှိသည့် ဒေသများတွင် နေရောင်ခြည် စွမ်းအင်သုံး ရေတင်စက်များဖြင့် ရေတင်ခြင်း၊ ရေသွင်းဖြန့်ဖြူးခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများ၊ ကုန်ထုတ်လမ်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ရန်။

၉။ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် နွေစပါး အကျိုးတူလယ်ယာစီမံကိန်း ဆောင်ရွက်ရာတွင် တောင်သူအမှန်တကယ် လိုအပ်သည့် သွင်းအားစုများ ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆည်ရေသောက်နှင့် စိုက်ပျိုးရေး ရရှိရေးလုပ်ငန်းများတွင် ရေအသုံးချသူများအဖွဲ့ (Water User Group)၊ ရေအသုံးချသူများအသင်း (Water User

Association) တို့က ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ ရေနှင့်ပတ်သက်သော အခွန်အခများကို နိုင်ငံတော်က ပြန်လည်သုံးသပ်ပြီး သင့်တင့်သောနှုန်းထားဖြစ်စေရေး စီစဉ်ဆောင်ရွက်ရန်။

၁၀။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအပါအဝင် သွင်းအားစုများ၏ ဈေးနှုန်းများကို တောင်သူများ အချိန်နှင့်တစ်ပြေးညီသိရှိစေရေး အသင်းအဖွဲ့များ၏ Digital Platform နှင့် လူမှုမီဒီယာမှတစ်ဆင့် ဖော်ပြသွားရန်။

၁၁။ တစ်နှစ် တန်ချိန် (၁၀,၀၀၀) ထက်ပို၍ ဓာတ်မြေဩဇာတင်သွင်းသည့် ကုမ္ပဏီကြီးများအား သဘာဝမြေဩဇာထုတ်လုပ်မှုကို တင်သွင်းတန်ချိန်၏ ၅ ရာခိုင်နှုန်း အနည်းဆုံး ထုတ်လုပ်ရေးစီမံချက်ကို ရှေ့ပြေးအဖြစ် စမ်းသပ်ဖော်ဆောင်ရန်။

၁၂။ ရေတော် မိုးတော်နှင့် ဆည်ရေသောက် လယ်မြေများတွင် တစ်ဧကပန်းတိုင် အထွက်နှုန်းရောက်ရှိစေရေးအတွက် အဆိုပါစိုက်ဧရိယာများ၏ (၁၀)ရာခိုင်နှုန်းခန့်တွင် ဝန်ကြီးဌာနများ၊ ဒေသအစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒေသအဖွဲ့/ ကော်မတီများနှင့် နှစ်စဉ်စနစ်တကျပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၁၃။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအနက်မှ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ရနိုင်သည့် နယ်ပယ်များ ရွေးထုတ်ပြီး Digitalization, Smart Farming and Artifical Intelligent AI and IoT for Agriculture များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၁၄။ လယ်ယာမြေများကို ဧကကွက်၊ ဟက်တာကွက်များ ဖော်ဆောင်ရေး စနစ်တကျစီမံချက် ရေးဆွဲရန်။

၁၅။ လယ်သမားအကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေရေးအတွက် သီးနှံများကို သီးထပ်သီးညှပ်များဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးရန်။

## ■ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍ (၁၀) ချက်

၁။ ဆန်စက်များအတွက် ကာလတိုရင်းနှီးလည်ပတ်ငွေ အဆင်ပြေစေရေးအတွက် ချေးငွေတစ်ရပ် စီစဉ်ပေးနိုင်ရေး နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းညှိနှိုင်းစီစဉ်ရန်။

၂။ ပုသိမ်ဆိပ်ကမ်း၊ စစ်တွေဆိပ်ကမ်းနှင့် မော်လမြိုင်ဆိပ်ကမ်းတို့မှ ဆန်ပြည်ပတင်ပို့မှုများကို ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါဒေသများ အနီးတဝိုက်ရှိ ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ သိုလှောင်ရုံများ တိုးချဲ့တည်ဆောက်ရေးကို နိုင်ငံတော်မှ အတိုးနှုန်းသက်သာသောချေးငွေ အစီအစဉ်တစ်ရပ် စီစဉ်ပေးပါရန်။

၃။ ဖွဲနုဆီ ထုတ်လုပ်မှုအတွက် ဆီကြမ်း၊ ဆီချော စက်ရုံများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ရန်။

၄။ စပါးခွံမှ လျှပ်စစ်ထုတ်သည့် Boiler Turbine Power Generation Unit များကို ဆန်စက်များတွင် တည်ဆောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လိုအပ်သည့် ကာလရှည်ချေးငွေ အပါအဝင် ညှိနှိုင်းပံ့ပိုးပေးရမည့် ကိစ္စရပ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

၅။ ပေါင်းဆန်ထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာမှ ဝယ်သူများနှင့် ကာလရှည်နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေးနှင့် ဈေးကွက်သေချာစေရန်စီစဉ်ပြီး တိုးချဲ့ရင်းနှီးမြှုပ်နှံရေးအတွက် လိုအပ်သော ကာလရှည်ချေးငွေ အစီအစဉ်များကို ဖော်ဆောင်ပေးရန်။

၆။ ဆန်စပါးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်သည့် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) ထားရှိပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်။

၇။ ဆန်စက်အင်ဂျင်နီယာများ၊ ဆန်စက်ကိုင်တွယ်မောင်းသူများအတွက် မွမ်းမံသင်တန်းများ၊ ကျွမ်းကျင်ပညာရှင်များမှ ထပ်ဆင့်ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ရန်။

၈။ ဆန်စက်များအား E-commerce Platform တစ်ခုဖြင့် စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရေးနှင့် ဆန်လက်လီ၊ လက်ကား ရောင်းဝယ်သူများကို လုပ်ငန်းအရွယ်အစားနှင့် လုပ်ငန်းပမာဏအလိုက် မှတ်ပုံတင်ထားနိုင်ရေးကို မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဦးဆောင်စီစဉ် ဆောင်ရွက်ရန်။

၉။ ဆန်စက်များအနေဖြင့် စားနပ်ရိက္ခာ ထုတ်လုပ်နေခြင်းဖြစ်သဖြင့် အရည်အသွေး၊ အန္တရာယ်ကင်းရှင်းမှုနှင့် အမြင့်ဆုံးနဲ့ အဆင်ပြေတဲ့ ... အမြင့်တင့်တယ် ကောင်းမွန်မှုကို အသားပေး၍ အလေ့အကျင့်ကောင်းများဖြင့် ဆောင်ရွက်ရန်၊ ISO, HACCP, GMP စသော နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များရရှိရေး မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ တွန်းအားပေးဆောင်ရွက်သွားရန်။

၁၀။ အသေးစား သိုလှောင်ရုံ၊ အခြောက်ခံစက်များကို ကျေးရွာ(၁၀၀)ခန့်တွင် စတင်ထားရှိပြီး အစုအဖွဲ့ပုံစံ၊ သမဝါယမပုံစံဖြင့် ရိတ်သိမ်းချိန်လွန်လျော့နည်းဆုံးရှုံးမှုများ လျော့နည်းစေရေးဆောင်ရွက်ရန်၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြု သည့် ငွေကြေးထောက်ပံ့မှုစနစ်နှင့် ပူးတွဲဆောင်ရွက်နိုင်ရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ရန်။

## ■ ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှုကဏ္ဍ (၁၈) ချက်

၁။ ပို့ကုန်တင်ပို့မှုအတွက် ဖုန်များအလိုက် မျိုးသန့်(၁၀)မျိုးခန့်ဖြင့် စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့သည်အထိ ထုတ်လုပ်မှု ကွင်းဆက် (Supply Chain)၊ တန်ဖိုးကွင်းဆက် ( Value Chain Mechanism)ကို ဆန်စပါးအထူးပြုကုမ္ပဏီများမှ စနစ် တကျ ပါဝင်လုပ်ဆောင်နိုင်ရေး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်ဆောင်ရွက်ရန်။

၂။ ပြောင်းလဲနေသော ဆန်စပါးပို့ကုန်ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်မည့် အမျိုးသား ပို့ကုန်မဟာဗျူဟာ(National Export Strategy) ကို ပြန်လည်ဆန်းစစ်သုံးသပ်၍ လုပ်ငန်းစီမံချက် (Plan of Actions POA)များ ပြန်လည်ပြုစုပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်ဆောင်ရွက်ရန်။

၃။ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဆန်စပါးကဏ္ဍလုပ်ငန်းအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး လစဉ်အစည်းအဝေးများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ညွန်ကြားရေးမှူးချုပ်ကိုယ်တိုင် တက်ရောက်၍ လစဉ်ပုံမှန်ဆောင်ရွက်ကာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ညှိနှိုင်းရေး စီစဉ်ရန်။

၄။ ဆန်စပါးသယ်ယူပို့ဆောင်မှု လုပ်ငန်းများတွင် ရထားနှင့် ရေလမ်းကြောင်းများမှ ဦးစားပေး သယ်ယူပို့ဆောင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင် ရွက်ရန်။

၅။ ပို့ကုန်ချေးငွေ (Export Financing) ကို ကာလတို သက်တမ်း (ရက်ပေါင်း ၉၀ အတွက်) လွယ်ကူလျင်မြန်စွာရရှိရေး နိုင်ငံတော်မှ ကူညီအားပေးဆောင်ရွက်ရန်။

၆။ ပုသိမ်၊ မော်လမြိုင်၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသော လူဦးရေ ထူထပ်သည့်မြို့များတွင် ကုန်စည်ဒိုင်လုပ်ငန်းများ ဖွံ့ဖြိုးရေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းကာ ဦးစားပေးဆောင်ရွက်ရန်။

၇။ လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့မှုအပေါ် အရည်အသွေးမှန်၊ ပစ္စည်းမှန်၊ ကိုင်တွယ်ထုတ်လုပ်မှုများ ပိုမိုကောင်းမွန် မှန်ကန်စေရန်အတွက် တတိယအဖွဲ့အစည်းတစ်ခုမှ စစ်ဆေးသည့် အစီရင်ခံစာများအား ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအတွက် အရည်အသွေးစီမံခန့်ခွဲမှုနှင့် အရည်အသွေးကြီးကြပ်မှုကို ဖော်ဆောင်နိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် အညီ ထိန်းကျောင်းသည့်အဖွဲ့အစည်းအဖြစ် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှု လုပ်ငန်းလီမိတက်(MITS)အား တာဝန်ပေးအပ်ရန်။

၈။ အနာဂါတ်တွင် ပေါင်းဆန်၊ ဆန်မွှေး နှင့် ကောက်ညှင်းဆန်၊ တန်းမြင့်ဆန်များ တင်ပို့မှု ပမာဏကို စုစုပေါင်းတင်ပို့မှု၏ အနည်းဆုံး (၅၀) ရာခိုင်နှုန်း ရည်မှန်းချက်ထားရှိ၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကြီးကြပ်ဆောင်ရွက်ရန်။

၉။ ပြည်တွင်း လက်လီ၊ လက်ကား ဆန်အရောင်းဆိုင်များကို လုပ်ငန်းအရွယ်အစားနှင့် လုပ်ငန်းပမာဏ (Commercial Size and Scale) အရ စနစ်တကျ မှတ်ပုံတင်ထားရှိရန်။

၁၀။ ပို့ကုန်မြှင့်တင်ရေးအတွက် ပြည်ပသို့ကိုယ်စားလှယ်အဖွဲ့များ သွားရောက်နိုင်ရေးနှင့် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ခံဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနများ၊ သံရုံးများမှ ကူညီဆောင်ရွက် ပေးနိုင်ရေး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ တာဝန်ယူချိတ်ဆက်ဆောင် ရွက်ပေးရန်။

၁၁။ B Grade (2,3,4) ဆန်ကွဲတင်ပို့မှု တိုးတက်ရေးအတွက် ပြည်တွင်းမွေးမြူရေးအစာ လိုအပ်ချက်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပို့ကုန်လုပ်ငန်းရှင်များ ချိန်ဆညှိနှိုင်းဆောင်ရွက်ရန်။

၁၂။ ပြည်ပပို့ကုန်များအတွက် အပင်ပိုးမွှားရောဂါကင်းရှင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ် (Phytosanitary Certificate) အပြင် ကျန်းမာရေးနှင့် သန့်ရှင်းမှုဆိုင်ရာ သက်သေခံလက်မှတ် (Sanitary Certificate)များ ထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

၁၃။ ပို့ကုန်လုပ်ငန်းရှင်များအတွက် အပင်ပိုးမွှားရောဂါကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို အီလက်ထရောနစ်စနစ်ဖြင့် ထုတ်ပေးခြင်း(Electronic Phytosanitary Certificate)လုပ်ငန်းစဉ်များ လွယ်ကူလျင်မြန်ချောမွေ့စေရေး စိုက်ပျိုးရေး ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။

၁၄။ ပြည်တွင်းဆန်စျေးနှုန်းတည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ထိရောက်သည့် ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းပြီး သင့်တော်သည့်ပမာဏတစ်ရပ်ကို အရန်ဆန်အဖြစ် နှစ်စဉ်ဝယ်ယူစုဆောင်းထားနိုင်ရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သို့ တင်ပြခွင့်ပြုချက်ရယူသွားရန်။

၁၅။ ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ပြည်ပတင်ပို့ခြင်း ကဏ္ဍအသီးသီးအပေါ် ထိန်းကျောင်းကြပ်မတ်ခြင်း၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်တာဝန် ပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရန်။

၁၆။ ဆန်စပါးဖူလုံရေး၊ အရည်အသွေးထိန်းသိမ်းရေး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ပြည်တွင်းရောင်းဝယ်မှု စနစ်ကျမှန်ကန်စေရေးနှင့် ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆန်စပါးဥပဒေ (သို့မဟုတ်) ကောက်ပဲသီးနှံ ဥပဒေတစ်ရပ်ရေးဆွဲပြဌာန်းသွားရန်နှင့် ဥပဒေရေးဆွဲရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရန်။

၁၇။ "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့" ဆိုသည့် ဆောင်ပုဒ်ကို လက်တွေ့ကျကျ ထိရောက်စွာဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိက ကဏ္ဍများအကြားတွင် ရလဒ်ကို ရှေးရှုသည့် ပူးပေါင်းဆောင်ရွက်မှုများကို အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးနှင့် စိုက်ပျိုးရေးမူဝါဒများကို လက်တွေ့အကောင်အထည်ဖော်သောလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်လမ်းညွှန်မှု ပြုနိုင်ရေးအတွက်လည်းကောင်း၊ "မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (Central Committee for Development of the Myanmar Rice Industry- CCDMRI)" ကို ဖွဲ့စည်းဆောင်ရွက်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံသို့ တင်ပြလမ်းညွှန်မှု ခံယူဆောင်ရွက်ရန်။

၁၈။ စပါး/ဆန် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းစဉ်များတွင် နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသည့် နည်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရေးအတွက် (နို့ဆီဘူး၊ ပြည်၊ တင်း) အစရှိသည့် ထုထည်ကိုအခြေခံသည့် အချိန်အတွယ်ယူနစ်များအစား (ကီလိုဂရမ်၊ မက်ထရစ်တန်) ယူနစ်များကို ပြောင်းလဲကျင့်သုံးနိုင်ရေး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဦးဆောင်၍ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားရန်။







# Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲအခမ်းအနား (Go-Live Ceremony) နှင့် MyRO တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲအခမ်းအနား (Go-Live Ceremony) နှင့် MyRO တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်ချီးမြှင့်လျက် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူအသီးသီးတို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

MyRO စနစ်တွင် ဆန်စပါးသိုလှောင်မှုများကို မှတ်ပုံတင်ခြင်း ဆောင်ရွက်ခြင်းဖြင့် ဆန်စပါးကဏ္ဍ (Supply Chain) တစ်ခုလုံးတွင် ပါဝင်ဆောင်ရွက်နေသည့် တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သွယ်မှုဆောင်ရွက်သည့် လုပ်ငန်းရှင်များသာမက စားသုံးသူပြည်သူ များအတွက်ပါ





ဆန်ဈေးနှုန်း တည်ငြိမ်စေရေးကို အထောက်အကူပြုစေရန်နှင့် ဆန်စပါးကဏ္ဍအချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ၂၀၂၄ ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့ထိ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆန်စပါးသိုလှောင်ရုံများအား လူပုဂ္ဂိုလ်/ ကုမ္ပဏီအလိုက် မှတ်ပုံတင်ထားမှုမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၄၁)လုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၃၆၃)လုံး၊ ပဲခူးတိုင်းဒေသကြီးတွင် (၆၄)လုံး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၅)လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁)လုံး၊ နေပြည်တော်ကောင်စီနယ်မြေတွင် (၂၁)လုံးနှင့် ရခိုင်ပြည်နယ်တွင် (၁)လုံး စုစုပေါင်း သိုလှောင်ရုံ (၆၀၆)လုံးအား မှတ်ပုံတင်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။



# ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ စနစ်တကျရှိစေရေး MyRO တွင် မှတ်ပုံတင်မှုဆောင်ရွက်ပေး




၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၆))ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာဆန်စပါးညီလာခံ ၂၀၂၂ တွင် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ် ဖော်ထုတ်သုံးသပ်ချက် (၄၃)ချက်ကို သက်ဆိုင်ရာကဏ္ဍအလိုက် ကာလတို၊ ကာလလတ်၊ ကာလရှည်အကောင် အထည်ဖော်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဖော်ထုတ်ချက်များအနက် သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစီအစဉ်ပါရှိပါသည်။

အဆိုပါ အစီအစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မြန်မာဆန်စပါး အွန်လိုင်း (Myanmar Rice Online-MyRO)ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP Model) ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၃)ရက်နေ့မှ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဆန်စပါးစီးပွားရေးလုပ်ငန်းများအား ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် အသွင်ကူးပြောင်း၍ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်၊ တောင်သူလယ်သမားများ၊ ကုန်သည်၊ စက်ပိုင်လုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပ ဝယ်သူ/ရောင်းသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသီများ၊ စားသုံးသူများအပါအဝင် ဆန်စပါးလုပ်ငန်းနှင့်ဆက်နွယ်သည့် Stakeholder များအတွက် MyRO တစ်နေရာတည်းတွင် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ မှတ်ပုံတင်သည့် လုပ်ငန်းများကို အချိန်တိုအတွင်း လွယ်ကူရိုးရှင်းစွာဖြင့် ရယူ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်၏ ဆန်စပါးလုပ်ငန်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များကို ခေတ်မီဒီဂျစ်တယ်နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ထိန်းကျောင်းနိုင်ရန်တို့အတွက် စီစဉ်ဆောင်ရွက်ထားပါသည်။

MyRO Website တွင် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းများဆောင်ရွက်ရမည်ဖြစ်ပြီး စီးပွားဖြစ်ရောင်းဝယ်ရန်အလို့ငှာ လုပ်ငန်းတည်နေရာ တစ်နေရာထဲမှ ဆန်အိတ်ပေါင်း ၁၀၀၀ နှင့်ညီမျှသည့် ဆန်တန်ချိန် (၅၀) (သို့မဟုတ်) စပါးတင်းပေါင်း (၅၀၀၀)နှင့်အထက် သိုလှောင်နိုင်သည့် သိုလှောင်ရုံများကို မှတ်ပုံတင်ရသည့်စနစ်ကို ကနဦးဆောင်ရွက်လျက်ရှိပါသည်။

Myanmar Rice Online (MyRO) တွင် လက်ရှိပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ပြည်ပသို့ ဆန်တင်ပို့မှု စနစ်တကျ သတ်မှတ်ဆောင်ရွက်နိုင်ရေးတို့ကို ဆန်စပါးကဏ္ဍတွင် ပုံမှန်လုပ်ငန်းလုပ်ကိုင်နေသူများအား ဝန်ထုပ်ဝန်ပိုးနှင့် ထိခိုက်မှုမရှိစေရေး အတွက်လည်းကောင်း၊ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမားရိုးကျ ရောင်းဝယ်ခြင်းမဟုတ်သည့်လုပ်ငန်းများကို ထိန်းကျောင်း နိုင်ရေးအတွက်လည်းကောင်း၊ ဈေးဝယ်အရောင်းစင်တာ (Super Market)များ နှင့် လက်လီ၊ လက်ကားဆန်ဆိုင်များတွင် ခင်းကျင်း ရောင်းချမှုများအတွက် သိုလှောင်မှုများကို စနစ်တကျရှိစေရန်အတွက် မြန်မာဆန်စပါးအွန်လိုင်း(MyRO) စနစ်တွင် မှတ်ပုံတင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အသိပေးကြေငြာထားပြီးဖြစ်ပါသည်။

ဆက်လက်၍ သိုလှောင်ရုံလက်မှတ်၊ ဘဏ်ချေးငွေရယူသည့်စနစ်၊ လက်ရှိပြည်ပကို ဆန်တင်ပို့နေသည့် ကုမ္ပဏီစာရင်းများ၊ ခေတ်မီဆန်စက်စာရင်းများ၊ ဆန်လက်လီလက်ကား အရောင်းဆိုင်များ စိစစ်မှတ်ပုံတင် စာရင်းပြုစုထားသည့်စာရင်း၊ ဆန်စပါး လုပ်ငန်းတွင် ပါဝင်သည့် မျိုး၊ မြေဩဇာ၊ စပါး၊ ဆန်၊ လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူရောင်းချနိုင်ရန် သတင်းအချက် အလက်များ ဖော်ပြထားသည့် အစီအစဉ်၊ မြန်မာ့ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်သော သိကောင်းစရာများ၊ ဗဟုသုတများ၊ သတင်း အချက်အလက်များကို လေ့လာဖတ်ရှုနိုင်မည့် အစီအစဉ်၊ ဆန်စပါးဆိုင်ရာကဏ္ဍအားလုံး၊ ဆန်စက်များမှတ်ပုံတင်ခြင်း ဆန်လက်လီ လက်ကားအရောင်းဆိုင်များ မှတ်ပုံတင်ခြင်း၊ မျိုးစေ့မျိုးသန့်များ ရောင်းဝယ်ခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ ဆန်စပါးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ချက်များ၊ အမိန့်ညွှန်ကြားချက်များကို တစ်စုတစ် စည်းတည်းဆောင်ရွက်နိုင်သည့် Online Platform ဖြစ်ရန် ရည်မှန်းဆောင်ရွက်ထားရှိပါသည်။

MyRO တွင် သိုလှောင်ရုံများမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ခြင်းအားဖြင့် ဆန်စပါးသိုလှောင် နိုင်မှု၊ သိုလှောင်ထားမှုစာရင်း များ၊ သိုလှောင်ရုံများတွင် ဆန်စပါးအမျိုးအစားလိုက် သိုလှောင်ထားမှုများအား ပိုမိုတိကျမှန်ကန်စွာသိရှိနိုင်ပြီး ပြည်တွင်းဆန် ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုခြင်း၊ ပြည်တွင်းဆန်ဖူလုံမှုအပေါ် ချိန်ဆပြီးပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးကို ဆောင်ရွက်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ဆန်စပါးသိုလှောင်ရုံများသည် ဆန်စပါးလုပ်ငန်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး စနစ်တကျရှိစေရေး၊ ဖွံ့ဖြိုးတိုး တက်စေရေးတို့အတွက် နိုင်ငံတိုင်းတွင် မှတ်ပုံတင်ခြင်းကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရပိုင်းသည် ထိန်းကျောင်းရေးကို ဦးတည်ပြီး ပုဂ္ဂလိကအပိုင်းသည် ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ကြပါသည်။ အိမ်နီးချင်း ဖြစ်သော ထိုင်းနိုင်ငံတွင် 2015 Civil and Commercial Code နှင့် Law on Warehouse, Silo and Cold Storage (2015) ကို





ထုတ်ပြန်၍ Warehouse, Silo and Cold Storage စီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်၍ လိုင်စင်ရယူခြင်းကို ဆောင်ရွက်ကြပါသည်။ အိန္ဒိယနိုင်ငံတွင် Warehouse (Development and Regulation) Act ကို ၂၀၀၇ တွင် ပြဌာန်းခဲ့ပြီး မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းဥပဒေအရ Warehouse Development and Regulation Authority (WDRA) ကို ၂၀၂၀ တွင် ဖွဲ့စည်းခဲ့ပြီး သိုလှောင်ရုံမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပါသည်။ www.wdra.gov.in သည် သိုလှောင်ရုံများမှတ်ပုံတင်ခြင်းအတွက် အီလက်ထရောနစ် အွန်လိုင်းပလက်ဖောင်းတစ်ခုဖြစ်ပါသည်။ Warehouse Receipt Financing System စနစ် တစ်ခုဖော်ဆောင်သွားရေးအတွက် Warehouse များ မှတ်ပုံတင်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းမှာ ပထမအခြေခံစနစ်တစ်ခုလည်းဖြစ်ပါသည်။

မြန်မာဆန်စပါးအွန်လိုင်း (MyRO)တွင် ဆန်စပါးသိုလှောင်ရုံများအား မှတ်ပုံတင်မည်ဆိုပါက www.myro.com.mm သို့ ဝင်ရောက်ပြီး Member ထဲသို့ ဝင်ရောက်ကာ အကောင့်အသစ် ဖွင့်ရန်ဆိုသည်ကို ရွေးချယ်၍ အဆင့်ဆင့်ဆောင်ရွက်သွားရပါမည်။ မဖြစ်မနေထည့်သွင်းရမည့် Data အချက်အလက်များအား ခရေပွင့်ပြထားပါသည်။

သိုလှောင်ရုံမှတ်ပုံတင်ရာတွင် လိုအပ်သည့်အချက်များမှာ သိုလှောင်ရုံပိုင်ရှင်၏ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ကုမ္ပဏီ လိုင်စင်အမှတ်၊ Passport ဓာတ်ပုံ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလိပ်စာ၊ သိုလှောင်ရုံတာဝန်ခံ (သို့မဟုတ်) သိုလှောင်ရုံမှူး၏ မှတ်ပုံတင်၊ ဖုန်းနံပါတ်၊ အီးမေးလိပ်စာ၊ သိုလှောင်ရုံလိပ်စာ၊ သိုလှောင်ရုံတည်နေရာ (google.com/ maps မှ ရှာပြီး ရရှိသည့် ဂဏန်းအား လတ္တီကျူ၊ လောင်ဂျီကျူ နေရာတွင်ထည့်ပေးရပါမည်)၊ သိုလှောင်ရုံတည်နေရာ မှန်ကန်ကြောင်းအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက် (သို့မဟုတ်) စက်မှုဇုန်တွင်တည်ရှိသော သိုလှောင်ရုံဖြစ်ပါက စက်မှုဇုန် တာဝန်ရှိ သူ၏ ထောက်ခံချက် (သို့မဟုတ်) သိုလှောင်ရုံအတိုင်းအတာနှင့် အမျိုးအစားမှန်ကန်ကြောင်းကို လိုင်စင်ရအင်ဂျင်နီယာ (သို့မဟုတ်) မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၏ ထောက်ခံချက် (သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ်ဒေသအတွင်းရှိ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်းမှ သက်ဆိုင်ရာ တာဝန်ရှိသူ၏ ထောက်ခံချက်နှင့် ဆန်စပါးသိုလှောင်ရုံတည်နေရာနှင့် သိုလှောင်ရုံဆိုင်ရာ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုစာတို့ လိုအပ်ပါသည်။

မြန်မာဆန်စပါးအွန်လိုင်း (MyRO)သည် တောင်သူလယ်သမားများ၊ ကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့ သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသနပညာရှင်များ၊ စားသုံးသူများအပါအဝင် ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသူ များအတွက် တစ်နေရာတည်းတွင် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ မှတ်ပုံတင်သည့် လုပ်ငန်းများကို လွယ်ကူရိုးရှင်း စွာဖြင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ အကျိုးစီးပွားတိုးပွားလာစေရေးနှင့် သိုလှောင်ရုံလုပ်ငန်းစဉ်များကိုလည်း စနစ်တကျရှိစေပါသည်။

MyRO တွင် နိုင်ငံတွင်းရှိ ဆန်စပါးနှင့် ကောက်ပဲသီးနှံသိုလှောင်ရုံများကို မှတ်ပုံတင်ထားရှိခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင် များအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ ခေတ်မီသိုလှောင်ရုံများ ဖြစ်ပေါ်စေရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား သင့်တင့်မျှတသော ကာလလတ်နှင့်ကာလရှည် ချေးငွေ ချေးယူခြင်းအခွင့်အလမ်း ရယူလာနိုင်မည်ဖြစ်ပါသည်။

Myanmar Rice Online (MyRO)တွင် သိုလှောင်ရုံမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့ထိ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆန်စပါးသိုလှောင်ရုံများအား ကုမ္ပဏီ/ လူပုဂ္ဂိုလ်အလိုက် မှတ်ပုံတင်ကြရာ စုစုပေါင်း သိုလှောင်ရုံ (၆၀၆) လုံးအား မှတ်ပုံတင်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

ဆန်စပါးညီလာခံမှ ဖော်ထုတ်ချက်များကို အစိုးရ၊ ပုဂ္ဂလိကပူးပေါင်း၍ စနစ်တကျ စီမံချက်များ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်သွားခြင်းဖြင့် မြန်မာဆန်စပါးကဏ္ဍ တစ်ရပ်လုံးမှာ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဖြစ်ပါသည်။ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု၊ ဆန်စက်ပိုင်များ၏ ကြိတ်ခွဲထုတ်လုပ်မှု၊ ဆန်ကုန်သည်များ၏ တင်ပို့ရောင်းချမှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာလျှင် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ၊ အထူးသဖြင့် ဆန်စပါးဖူလုံရေးနှင့် ပိုလျှံသည့် ဆန်စပါးများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သောကြောင့် MyRO သည် တောင်သူလယ်သမားများသာမက လယ်ယာစိုက်ပျိုးရေးနယ်ပယ် တစ်ခုလုံးအတွက် အသုံးဝင်သည့် Website ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် သိုလှောင်ရုံ မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျှင်မြန်စေ ရေး၊ စရိတ်စကသက်သာစေရေးတို့အတွက် ဒီဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်ထားသည့် MyRO ပလက်ဖောင်းအွန်လိုင်းပေါ်တွင် မှတ်ပုံတင်အသိအမှတ်ပြု လက်မှတ်ရယူခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

## ဆန်စပါး ဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားများ ကျင်းပခဲ့ခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပြုစုရေးဆွဲထားသည့် ဆန်စပါး ဥပဒေ (မူကြမ်း) အပေါ် တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါးကုန်သည်များ၊ Exporter ကုမ္ပဏီများ၊ ပညာရှင်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအား ရှင်းလင်းတင်ပြပြီး အကြံပြုချက်များရယူသည့် ဆန်စပါးဥပဒေ(မူကြမ်း) ဆွေးနွေးပွဲများကို ၂၀၂၃ ခုနှစ်၊ မတ်လ၊ ဧပြီလများအတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အသီးသီး ကျင်းပပြုလုပ်ခဲ့ကြပါသည်။














# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာတင်ပို့ပြီးစီးခဲ့သည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ




၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာ တင်ပို့ပြီးစီးခဲ့သည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို (၅-၄-၂၀၂၃) ရက်နေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုးနှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ဒေါ်သန်းသန်းလင်း၊ ဒေါက်တာအောင်ကြီးနှင့် ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။












အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ပထမအကြိမ် ဆန်တန်ချိန် တစ်သိန်းကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ် ဆန်တန်ချိန်တစ်သိန်းကို ၂၀၂၁ ခုနှစ်တွင်လည်းကောင်း အောင်မြင်စွာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယခုတတိယအကြိမ် ဆန်တန်ချိန် နှစ်သိန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ငါးနှစ်စာချုပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကလည်း ဝိုင်းဝန်းပူး ပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် Honorable Md. Ismiel Hossail က Video Clip ဖြင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင် က ဂုဏ်ပြုစကားပြောကြားခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တင်ပို့ရေးလုပ်ငန်း စဉ်အဆင့်ဆင့် အောင်မြင်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ယခင် အစိုးရအဆက်ဆက်က ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသော ပို့ကုန်ထောက်ပံ့ငွေအဖြစ် ယခင်နှစ်တွင် ငွေကျပ်ဘီလီယံ ၃၀ ကို လည်းကောင်း၊ ယခုနှစ်တွင် ငွေကျပ် (၇၉)ဘီလီယံကိုလည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ခြင်းဖြစ် ကြောင်းသိရသည်။





# သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် (၁,၀၀၀) လွှဲပြောင်းလှူဒါန်းခြင်းအခမ်းအနား












၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့ရှိ Asia World Port Terminal ၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် (၁,၀၀၀) လွှဲပြောင်းလှူဒါန်းပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် (၁,၀၀၀) လှူဒါန်းခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့် ဓလေ့ထုံးတမ်းများ ဆင်တူကြကြောင်း၊ ယခုလှူဒါန်းမှုသည် သီရိလင်္ကာပြည်သူများအပေါ် မြန်မာအစိုးရနှင့် ပြည်သူများ၏ စာနာမှုကို ပြသခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆန်လှူဒါန်းခြင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများလွှဲပြောင်းပေးခဲ့ပြီး သီရိလင်္ကာသံအမတ်ကြီးက ဆန်များတင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ထံသို့ ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာသီရိလင်္ကာသံအမတ်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ သီရိလင်္ကာနိုင်ငံသည် စီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင်နေရသည့် လတ်တလော အခြေအနေတွင် ယခုလိုလှူဒါန်းခြင်းသည် များစွာအထောက်အကူဖြစ်ကြောင်း လှူဒါန်းပေးရန် စီမံဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံအစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုလည်း များစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။

# ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၂၃) ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ပူးပေါင်းပြီး "ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၂၃)" ဖွင့်ပွဲကို ဖွန်လ(၁၉)ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုတွင် ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က အမှာစကား ပြောကြားခဲ့ပါသည်။

- ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရိတ်သိမ်းချိန်လွန်ကဏ္ဍ၌ ဆန်အရည်အသွေးနှင့် ပတ်သက်၍ ကြုံတွေ့နေရသော ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်
- ခေတ်မီစပါးအခြောက်ခံစက်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်
- တန်းမြင့်ဆန် ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ခေတ်မီဆန်စက်များကို တွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန်
- ဆန်စက် အခြေခံနည်းပညာများနှင့် ခေတ်မီဆန်စက်နည်းပညာများအား လက်ဆင့်ကမ်းမျှဝေနိုင်စေရန်
- ဆန်စပါးကဏ္ဍတွင် ဒီဂျစ်တယ်နည်းပညာများ ထိရောက်စွာ အသုံးပြုနိုင်ရန်
- ပေါင်းဆန်ထုတ်လုပ်မှု၊ စပါးခွံမှ လျှပ်စစ်ထုတ်လုပ်မှု နည်းပညာများ၊ ဘွိုင်လာလုပ်ငန်း နည်းပညာများဆိုင်ရာ အတွေ့အကြုံများ မျှဝေပေးနိုင်ရန် ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း(၄၂)ဦး ပါဝင်တက်ရောက်ကြပါသည်။ စုစုပေါင်းသင်တန်းကာလမှာ တစ်လခွဲ ကြာမြင့်ခဲ့ပါသည်။






# ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲကျင်းပ








စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ပူးပေါင်းဖွင့်လှစ်သော "ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၁/၂၀၂၃)" သင်တန်းဆင်းပွဲကို ဇူလိုင်လ(၃၁)ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃)၌ ကျင်းပပြုလုပ်ပါသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က သင်တန်းဖွင့်လှစ်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် သင်တန်းသင်ကြားမှုအစီအစဉ်များ ဆောင်ရွက်မှုကို Video Clip ပြသခြင်း၊ သင်တန်းသား/သင်တန်းသူများအား ပြည်ထောင်စုဝန်ကြီးများနှင့် အသင်းချုပ် ဥက္ကဋ္ဌတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း၊ သင်တန်းသား/ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါသင်တန်းအား

- ခေတ်မီစပါးအခြောက်ခံစက်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်
- တန်းမြင့်ဆန် ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ခေတ်မီဆန်စက်များကို တွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန်၊
- ဆန်စက် အခြေခံနည်းပညာများနှင့် ခေတ်မီဆန်စက်နည်းပညာများအား လက်ဆင့်ကမ်းမျှဝေနိုင်စေရန်၊
- ဆန်စပါးကဏ္ဍတွင် ဒီဂျစ်တယ်နည်းပညာများ ထိရောက်စွာ အသုံးပြုနိုင်ရန်၊
- ပေါင်းဆန်ထုတ်လုပ်မှု၊ စပါးခွံမှ လျှပ်စစ်ထုတ်လုပ်မှု နည်းပညာများ၊ ဘွိုင်လာလုပ်ငန်းနည်းပညာများဆိုင်ရာ အတွေ့အကြုံများ မျှဝေပေးနိုင်ရန် စသည့်ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။
- ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းကို သင်တန်းသား/သင်တန်းသူ(၄၂)ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်ခဲ့ပါသည်။


MRF
Myanmar Rice Federation
ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာဆိုင်ရာ







# သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System)အကောင်အထည်ဖော် ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ ပူးပေါင်း၍ သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီးဦးညွန့်အောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်တကွ သက်ဆိုင်ရာအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးညွန့်အောင်က သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်သည် တောင်သူများအတွက် သိုလှောင်ရုံများတွင် သီးနှံကို အပေါင်စနစ်အဖြစ် အပ်နှံပြီးရရှိလာသည့် ကုန်အပ်လက်မှတ်ကို အသုံးပြု၍ ဘဏ်များတွင် ချေးငွေရယူနိုင်မည့် စနစ်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်တွင် တောင်သူများသည် သီးနှံပိုင်ရှင်ကုန်အပ်သူ၊ ကျေးလက်ဒေသရှိ သိုလှောင်ရုံပိုင်ရှင်များသည် သိုလှောင်ရုံကုန်အပ်လက်မှတ်ထုတ်သူ၊ အစိုးရနှင့် ပုဂ္ဂလိကဘဏ်များသည် သိုလှောင်ရုံကုန်အပ် လက်မှတ်အပေါ် အခြေခံ၍ ချေးငွေထုတ်ပေးသူ၊ အစိုးရဌာနအဖွဲ့အစည်းများသည် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်း ချမှတ်သူများအနေဖြင့် ပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အစိုးရ-ပုဂ္ဂလိက နှစ်ဦးနှစ်ဖက် ပူးပေါင်း၍ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆန်စပါးဥပဒေကို ရေးဆွဲပြုစုလျက်ရှိပြီး မကြာမီ ပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေတွင် ရိတ်သိမ်းချိန်လွန်နောက်ပိုင်း ကိုင်တွယ်ထိန်းသိမ်းမှုများအတွက် အဓိကကျသည့်လုပ်ငန်းစဉ်များအား စနစ်တကျထိန်းကျောင်းကြပ်မတ်နိုင်စေရေး ထည့်သွင်းရေးဆွဲထားပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များမှ Presentation ဖြင့်ရှင်းလင်းဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် မူဝါဒများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။



# သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ



သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (Task Force) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ (၉) ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ Task Force အဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။ အစည်းအဝေးတွင် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်နှင့် ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ခေတ္တာညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌတို့က ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် ပါဝင်တက်ရောက်လာသည့် Task Force အဖွဲ့ဝင် ဌာနဆိုင်ရာ အကြီးအကဲများက ဖြည့်စွက်ဆွေးနွေးအကြံပြုခဲ့ကြပါသည်။

သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်သည် တောင်သူလယ်သမားများအတွက် သီးနှံပေါ်ချိန်တွင် သိုလှောင်မှုအခက်အခဲ၊ ငွေကြေးလိုအပ်မှု အခြေအနေများကြောင့် သီးနှံဈေးနှုန်း အနိမ့်ဖြင့် ရောင်းချခြင်းမပြုဘဲ သတ်မှတ်ထားသည့် သိုလှောင်ရုံများတွင် လာရောက်အပ်နှံပြီး ချေးငွေရယူနိုင်သည့် အစီအစဉ်ဖြစ်ပြီး သီးနှံဈေးကောင်းချိန်တွင်မှ ပြန်လည်ရောင်းချပြီး ချေးငွေပြန်လည်ပေးဆပ်သည့် စနစ်ဖြစ်ပါသည်။ အဆိုပါစနစ် အကောင်အထည်ဖော်ခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ မျိုးစေ့ထုတ်လုပ်သူများအနေဖြင့် အကျိုးကျေးဇူးကောင်းစွာရရှိနိုင်မည် ဖြစ်ပါသည်။

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ၂၀၂၂-၂၀၂၄ ခုနှစ်သက်တမ်းအတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကျင်းပခြင်း




မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ၂၀၂၂-၂၀၂၄ ခုနှစ်သက်တမ်းအတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမ၌ အသင်းချုပ်ဖွဲ့စည်းပုံ၊ အခြေခံစည်းမျဉ်းများနှင့်အညီ လျှို့ဝှက်မဲပေးသည့်ပုံစံစနစ်ဖြင့် ပွင့်လင်းမြင်သာမှုရှိ၍ တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲအဖြစ် ကျင်းပပြုလုပ်ခဲ့ပါသည်။

ရွေးချယ်တင်မြှောက်ပွဲမှ ၂၀၂၂-၂၀၂၄ ခုနှစ် သက်တမ်းအတွက် ညီလာခံကိုယ်စားလှယ်(၃၀၀)၊ ဗဟိုအလုပ်အမှုဆောင် (၃၆)ဦးနှင့် အလုပ်အမှုဆောင် (၅၉)ဦးတို့ကို ရွေးချယ်ခဲ့ပြီး အသင်းချုပ် ဥက္ကဋ္ဌအဖြစ် ဦးရဲမင်းအောင်၊ အထွေထွေအတွင်းရေးမှူး အဖြစ် ဦးလူမော်မြင့်မောင်တို့ ခေါင်းဆောင်သည့် စီမံခန့်ခွဲရေးခေါင်းဆောင် (၂၀)ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ပါသည်။



# ဆန်စပါးသိုလှောင်မှုအား Online မှ မှတ်ပုံတင်ခြင်းစနစ် (Myanmar Rice Online - MyRO) မှတ်ပုံတင်ထားသော သိုလှောင်ရုံများအား သွားရောက်စစ်ဆေးခြင်း





ပြည်တွင်းဈေးကွက်၌ ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ ပြည်ပသို့ ဆန်တင်ပို့မှုအား စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် သမရိုးကျ ရောင်းဝယ်ခြင်း မဟုတ်သည့် လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရေးနှင့် ဆန်စပါးသိုလှောင်မှုများ စနစ်တကျရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ဆန်စပါးသိုလှောင်မှုအား Online မှ မှတ်ပုံတင်ခြင်းစနစ် (Myanmar Rice Online - MyRO) အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစနစ်ဖြင့် ကုမ္ပဏီ/ လုပ်ငန်းများမှ မှတ်ပုံတင်ထားသည့် သိုလှောင်ရုံများအနက်မှ လှိုင်သာယာမြို့နယ်ရှိ MyRO စနစ်ဖြင့် မှတ်ပုံတင်ထားသော သိုလှောင်ရုံများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၁၃-၁-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများမှ ဆန်၊ စပါးသိုလှောင်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ဆက်လက်၍ ရန်ကုန်မြို့၊ ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်တွင် Warehouse Registration ဆောင်ရွက်ပုံ အဆင့်ဆင့်အား သိုလှောင်ရုံများ၊ ပြည်ပတင်ပို့သည့် ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်း များ၊ ဆန်လက်လီ/ လက်ကားအရောင်းဆိုင်များ မှတ်ပုံတင်ခြင်းအား ကဏ္ဍအလိုက် ရှင်းလင်းပြသခဲ့ပြီး ပြည်နယ်/ တိုင်းဒေသကြီးများမှ တာဝန်ရှိသူများက အသုံးပြုရာတွင် လိုအပ်သည့်အချက်များအား ဆွေးနွေးခဲ့ကြကြောင်းနှင့် ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

# MRF Rice Co.,Ltd ဖွဲ့စည်းထူထောင်ခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော MRF Rice Co,Ltd အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၃၅၃၇၈၃၆၄) ဖြင့် ဖွဲ့စည်းထူထောင်ခဲ့ပါသည်။

MRF Rice Co,Ltd သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ Social Enterprise ကဲ့သို့ ရပ်တည်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး၊ ဆန်စပါးဈေးနှုန်းများ အခါအားလျော်စွာ မြင့်တက်မှုများကြောင့်စားသုံးသူများ၊ စက်ရုံအလုပ်ရုံနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား သက်သာသောဈေးဖြင့် ရောင်းချနိုင်ရန်၊ ဈေးကျချိန်တွင် ဝယ်ယူစုဆောင်းသိုလှောင်သည့် အရန်ဆန်လုပ်ငန်းဆောင်ရွက်ရန်၊ ပြည်တွင်းရိက္ခာဆန်နှင့် သဘာဝဘေးအန္တရာယ် လိုအပ်ချက်တို့အတွက် အရန်ဆန်/စပါးများ ကြိုတင်ဝယ်ယူစုဆောင်းခြင်းဆောင်ရွက်ရန်၊ ဆန်စပါးဈေးနှုန်းနှင့် ဈေးကွက်တည်ငြိမ်ရေးအတွက် အသင်းချုပ်မှတာဝန်ပေးသောလုပ်ငန်းများဆောင်ရွက်ရန်နှင့် မျိုးစေ့ထုတ်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ပြီး သီးခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းထားသောကုမ္ပဏီဖြစ်ပါသည်။

လက်ရှိတွင်လည်း ရန်ကုန်၊ နေပြည်တော်၊ စစ်တွေ၊ မန္တလေး၊ မော်လမြိုင်မြို့များရှိ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် စားသုံးသူများသို့ သက်သာသောနှုန်းဖြင့် ဆန်အိတ်များ၊ စားသုံးဆီများအား ရောင်းချပေးလျက်ရှိပါသည်။



ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
Certificate of Incorporation

**MRF RICE CO., LTD**
Company Registration No. 135378364

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ အရ
**MRF RICE CO., LTD**
အား ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင်
အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထား သည့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ
အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုလိုက်သည်။

This is to certify that
**MRF RICE CO., LTD**
was incorporated under the Myanmar Companies Law 2017 on 15 November 2022 as a Private Company Limited by Shares.

ကုမ္ပဏီမှတ်ပုံတင်အရာရှိ
Registrar of Companies
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
Directorate of Investment and Company Administration

DICA

# MRF 3N Priorities (2021-2025)
# MRF Priorities for the New and Next Normal

As the rice industry emerges from the Covid-19 pandemic and focuses on recovery, resilience and sustainability, Myanmar Rice Federation is implementing the following development action plans to make sure the emerging rice industry adapt and remain secure, safe and strong.

**(1) MSME & Big Farmer Development**

- Inclusive approach by onboarding MSMEs in local and export marketing and sales, prioritizing MSME's access to markets
- Financial inclusion - ensuring the smooth and easy access to finance, promoting bankability
- Promoting productivity of the big farmers (who owns more than 10 acres of paddy land)

**(2) Improving the Seed Production of Promising Rice Varieties**

- Joint public-private initiative in producing rice varieties highly demanded by local and international buyers
- Establishment of the MRF Co-op as the strategic hub for rice seed market

**(3) MRF Legacy Projects**

- Myanmar Rice Online (MyRO)
- Online Registration of Rice Warehouses
- Online Registration of Rice Mills
- Warehouse Receipt Financing Scheme
- MRF Responsible Initiative for Consumers and Employees (MRF RICE)
- Rice Bran Oil Project (MRBO)
- Biomass Power Generation (Rice Husks based) Project
- MRF Soil Health Improvement Project (MRF SHIP)
- M-CARE (Cargo Assessment for Rice Export)
- Reinvigorating Program for Rice Specialization Companies (RPRSC)
- Credit-linked weather index insurance scheme for rice farmers
- MRF AIR (AI for Rice)

# ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်း




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းပဲတန်းမြို့နယ်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆန်စပါးကဏ္ဍနှင့် ပဲ၊ ပြောင်း၊ နှမ်းကဏ္ဍ ပြည်ပတင်ပို့မှုတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားရာတွင် မြန်မာ့ဆန်စပါးကဏ္ဍ ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲပြုပြင်ခြင်းလုပ်ငန်းမှသည် ဖြန့်ဖြူးရောင်းချသည်အထိ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် (Supply Chain) တစ်လျှောက် ဟန်ချက်ညီညီဆောင်ရွက်ရေး၊ စပါးများကို ခေတ်မီနည်းပညာများဖြင့် ကြိတ်ခွဲထုတ်လုပ်ပြီး အရည်သွေးမြင့် ဆန်များအား သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ပြည်ပဈေးကွက် ပိုမိုရရှိအောင်ဆောင်ရွက်ရေး၊ ပဲမျိုးစုံနှင့်ပြောင်း ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အသင့်ပြုပြင်ထုတ်လုပ်၍ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရေး၊ ပြည်တွင်းကောက်ပဲသီးနှံ ဈေးကွက်တည်ငြိမ်စေရေး၊ နှမ်းဆီနှင့်မြေပဲဆီကို ပြည်တွင်းစားသုံးမှု ဖူလုံစေရေးတို့အတွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး၊ ဆန်နှင့်ပဲမျိုးစုံ၊ ပြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပဈေးကွက်ပိုမိုရရှိရေး၊ မျှတသည့်ကုန်သွယ်မှု၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးဆောင်ရွက်သွားရန်နှင့် တရားမဝင် တင်ပို့တင်သွင်းမှု မရှိစေရေး၊ အစိုးရနှင့်လုပ်ငန်းရှင်များ ပူးပေါင်းတားဆီးဆောင်ရွက်ရေးတို့အား မှာကြားခဲ့သည်။

ထို့နောက်တက်ရောက်လာကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများက ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအား တင်ပြဆွေးနွေးကြရာဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ခေတ်မီဆက်သွယ်ရေးနည်းပညာ(ICT) အသုံးပြု၍ ဆောင်ရွက်သွားရန်၊ ကုန်သွယ်မှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရန်၊ ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင်ရေးဆောင်ရွက်ရန်၊ ဒေသတွင်း နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့ရေးဆောင်ရွက်ရန် အပြင်လိုအပ်သည်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

# စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုချေးငွေဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ










စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် နှင့် လိုင်စင်ရ AD ဘဏ်များ၏ (၁၀)ဧကအထက် လယ်ယာမြေပိုင်ဆိုင်သည့် တောင်သူလယ်သမားကြီးများအား ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် ပုံစံ(၇)အာမခံဖြင့် လက်ရှိနွေစပါး စိုက်ပျိုးရေးရာသီတွင် စိုက်ပျိုးစရိတ်အဖြစ် ကာလတိုချေးငွေ တစ်ဧကလျှင် ကျပ်(၄)သိန်းနှုန်း ထုတ်ချေးပေးနိုင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၄.၁၂.၂၀၂၃) ရက်နေ့တွင် Virtual Meeting ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ KBZ Bank ၊ A Bank ၊ AYA Bank ၊ Yoma Bank ၊ UAB Bank ၊ MAB Bank တို့မှ တာဝန်ခံကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးများရှိ နွေစပါးစိုက်ပျိုးသည့်ဧရိယာများတွင် စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် (၁၀)ဧကအထက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားကြီးများအား ပုံစံ(၇) အာမခံဖြင့် AD ဘဏ်များမှ တစ်ဧကလျှင် ကာလတိုချေးငွေကျပ်(၄)သိန်းနှုန်းထုတ်ချေးပေးနိုင်ရေး၊ ဧက(၁)သိန်းအထိ Pilot Project အဖြစ် စတင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစိုးရ - ပုဂ္ဂလိက လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစိုးရ-ပုဂ္ဂလိက လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ၂၀၂၁ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်(UMFCCI)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးမှ ဆန်စပါးအား ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့မှု တိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ရာတွင် အထောက်အကူပြုနိုင်ရေး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများ မျှတစွာ အကျိုးအမြတ်ရရှိရေး စသည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်သည်များအား အသေးစိတ်ရှင်းလင်းမှာကြားခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်မှလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ထုတ်လုပ်မှုနှင့် ပြည်တွင်းပြည်ပ ဈေးကွက်အခြေအနေများအား ဆွေးနွေးခဲ့ကြပါသည်။



# ပြည်ပဈေးကွက်ဝင် ဆန်စပါးမျိုးများ မျိုးပွားထုတ်လုပ်မှုအပေါ် စစ်ဆေးကြည့်ရှုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ၂၀၂၂ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ စိုက်ပျိုးထားရှိသည့် ပြည်ပဈေးကွက်ဝင် ဆန်စပါးမျိုးများဖြစ်သည့် ဆင်းသုခ၊ ကရင်မ၊ ထွန်းပု၊ ရာကျော်/ငစိန် နှင့် ရက်(၉၀) စပါးမျိုးသန့်မျိုးပွားစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။ ပြည်ပဈေးကွက်ဝင် စပါးမျိုးများ မျိုးသန့်ပွားများရေးအတွက် အခြေခံမျိုးထုတ်ပေးခြင်း၊ ဆန်ရည်ဆန်သွား အရည်အသွေးကောင်းမျိုးများ မျိုးပွားခြင်းနှင့် မျိုးစေ့ဘဏ်၊ မျိုးစေ့ထိန်းသိမ်းခြင်း လုပ်ငန်းများအား စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထွန်းပုစပါးမျိုးနှင့် ရက်(၉၀)စပါးမျိုးတို့ကို Breeder Seed အဆင့် ထုတ်ဝေပေးပြီးဖြစ်ကြောင်း သိရှိခဲ့ရပါသည်။






# မြန်မာ - တရုတ်(ယူနန်) စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများအတွက် လက်မှတ်ရေးထိုးပွဲအခမ်းအနား




၂၀၂၃ ခုနှစ်၊ ဧပြီလ (၂)ရက်နေ့၊ နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာဝမ်နင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများဖြစ်သည့် **"ဆန်စပါးထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ဓာတ်မြေဩဇာထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးကုန်များ တင်ပို့ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ"** စသည့် သဘောတူညီချက်တို့အား လက်မှတ်ရေးထိုး လဲလှယ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဌ ဦးရဲမင်းအောင် တက်ရောက်ပြီး တရုတ်နိုင်ငံ မိတ်ဖက်အဖွဲ့အစည်းများနှင့် MOU လက်မှတ်ရေးထိုးခဲ့ပါသည်။

# တောင်သူလယ်သမားများအတွက် သီးနှံအာမခံစနစ်ဖော်ဆောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို UMFCCI တွင်ကျင်းပ

















ရာသီဥတုပြောင်းလဲမှုများကြောင့် ဆုံးရှုံးမှုများအပေါ် အာမခံစနစ်ဖြင့် စနစ်တကျ စီမံခန့်ခွဲ ကာကွယ်ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်သော Task Force အဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ သီးနှံအာမခံစနစ်ကို ယခုနှစ်ဆောင်းသီးနှံရာသီတွင် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သည့် (Farmer Participatory Approach) ကို အခြေခံဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်ပြီး၊ မြန်မာ့အာမခံလုပ်ငန်းအပါအဝင် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်း နှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင် နှင့် တာဝန်ရှိသူများ၊ ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးသည့် တောင်သူများ ပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကုန်သည်စက်မှုအသင်းချုပ်တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုဆောင်ရွက်မည့် သီးနှံအာမခံစနစ်သည် မိုးရေချိန်ကို အခြေခံသည့် အာမခံစနစ် ရာသီဥတု ညွှန်းကိန်းကို အခြေပြုသည့် (Weather Index Insurance) ဖြစ်ပြီး၊ စိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်သည့် နိုင်ငံများတွင် တွင်ကျယ်စွာ ဆောင်ရွက်နေပြီး ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ စတင်ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ပါသည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ တင်ပို့ရောင်းချနိုင်ခဲ့ခြင်း

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G MoU အရ တန်းမြင့် ဧည့်မထ (၅%)ဆန်အား တင်ပို့ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food (Ministry of Food) နှင့် မြန်မာနိုင်ငံမှ Myanmar Rice Federation(MRF) တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ နစ်ဖက်သဘောတူညီမှုအရ ပထမအကြိမ်အဖြစ်(၁၅.၁၀.၂၀၁၇)ရက်နေ့တွင် တန်ချိန်(၁)သိန်း၊ ဒုတိယအကြိမ်အဖြစ် (၄.၂.၂၀၂၁)ရက်နေ့တွင် တန်ချိန်(၁)သိန်းနှင့် တတိယအကြိမ်အဖြစ် (၈.၉.၂၀၂၂)ရက်နေ့တွင် တန်ချိန်(၂)သိန်း စုစုပေါင်းတန်ချိန်(၄)သိန်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါစာချုပ်များအရ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကြီးကြပ်စီစဉ်ဆောင်ရွက်ခဲ့ပြီး အသင်းချုပ်၊ အသင်းဝင်ကုမ္ပဏီများမှ စုစုပေါင်း ဆန်တန်ချိန်(၄)သိန်းကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဆိပ်ကမ်းများမှ တင်ပို့နိုင်ခဲ့ပါသည်။ ဆန်တင်ပို့ပြီးစီးမှုများမှ ပို့ကုန်ဝင်ငွေရရှိမှုအနေဖြင့် တန်ဖိုးအားဖြင့် ပထမအကြိမ်တွင် အမေရိကန်ဒေါ်လာ(၄၃.၃)သန်းကျော်၊ ဒုတိယအကြိမ်တွင် အမေရိကန်ဒေါ်လာ(၄၈)သန်းကျော်၊ တတိယအကြိမ်တွင် အမေရိကန်ဒေါ်လာ (၉၃.၁)သန်း အသီးသီးရရှိခဲ့ပါသည်။









# မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်များနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရေးဆွဲလျာထားသည့် လုပ်ငန်းစီမံချက်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဦးစွာဒုတိယဝန်ကြီး ဦးညွန့်အောင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုများဖြစ်သည့် မြန်မာနိုင်ငံ၏ဆန်စပါး ထုတ်လုပ်တင်ပို့မှုကို အရည်အသွေးအားဖြင့် ပိုမိုကောင်းမွန်ရေး၊ အရေအတွက်အားဖြင့် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းပြီး "မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂" ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ (၆)ရက်မှ (၇)ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

ညီလာခံမှ ဖော်ထုတ်ချက်များအရ ဆက်လက်ဆောင်ရွက်သွားသင့်သည့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် ဖော်ထုတ်ချက် (၁၅)ချက်၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍအတွက် (၁၀)ချက်နှင့် ပို့ကုန်မြှင့်တင်ရေးနှင့်ကုန်သွယ်မှုကဏ္ဍအတွက် (၁၈)ချက် စုစုပေါင်း ဖော်ထုတ်ချက် (၄၃)ချက်နှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အတွက် လုပ်ငန်းစီမံချက် (Action Plan) ကို ငါးနှစ်တာကာလအတွက်(မူကြမ်း)ရေးဆွဲပြုစုထားပြီးဖြစ်ပါကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကို အားလုံးအတည်ပြုချက်ရရှိပြီးသည့် အချိန်တွင် သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များအနေဖြင့် ဦးဆောင်ခြင်း၊ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်၍ အစိုးရ-ပုဂ္ဂလိကပူးပေါင်း၍ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆန်စပါး ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံ ဈေးကွက်တိုးချဲ့နိုင်ရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးနှင့် စဉ်ဆက်မပြတ်တည်ရှိစေရေးအတွက်လည်းကောင်း၊ အရည်အသွေးသတ်မှတ်ချက် နိုင်ငံတကာအဆင့်ဝင်သည့် ပို့ကုန်များကို ထုတ်လုပ်တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များက ဟန်ချက်ညီညီ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက လုပ်ငန်းစီမံချက်လျာထားမှုများအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

# ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် MSME ဆန်စက်လုပ်ငန်းရှင်များ၊ Big Farmer လယ်သမားကြီးများ ချေးငွေထောက်ပံ့ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ ဧရာဝတီတိုင်းဒေသကြီးတွင် ပြုလုပ်ကျင်းပခြင်း








မြန်မာ့ဆန်စပါးထုတ်လုပ်မှု တိုးတက်စေရန်၊ MSME ဆန်စက်လုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် Exporter ကုမ္ပဏီကြီးများနှင့် ဈေးကွက်ချိတ်ဆက်ပြီး ကာလတိုချေးငွေ ရရှိရေးဆောင်ရွက်နိုင်စေရန်၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရန်၊ (၁၀) ဧကအထက် လယ်ပိုင်သော တောင်သူကြီးများ၏ ပူးပေါင်းမှုဖြင့် တစ်ဧက အထွက်တိုးစေရန်၊ တိုင်းခရိုင်မြို့နယ်အဆင့် အသင်းအဖွဲ့များ စုဖွဲ့ဆောင်ရွက်မှု အားကောင်းစေရန် စသောရည်ရွယ်ချက်များဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို (၂၁-၇-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ Pathein Industrial City အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ နှင့် ဧရာဝတီတိုင်းအတွင်းရှိ ဆန်စပါးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြပါသည်။








# ဆန်စပါး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်ခြင်း




ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ ဆန်စပါး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ကြီးကြပ်စီစဉ်မှုဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ်၊ ဆန်စပါးညီလာခံသုံးသပ်ဖော်ထုတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဆန်စပါးဝယ်ယူမှု ကြိတ်ခွဲသိုလှောင်တင်ပို့ရောင်းချမှု စနစ်တကျ ဆောင်ရွက်ရေး၊ နိုင်ငံတကာဆန်ဈေးကွက်၊ ဈေးနှုန်းအခြေအနေများနှင့်ပတ်သက်၍ သင့်တင့်မျှတသော ဆန်စပါးဈေးနှုန်းများ ထုတ်ပြန်ထားမှုအခြေအနေအပေါ် ဆောင်ရွက်ရေး၊ Myanmar Rice Online – MyRO တွင် သိုလှောင်ရုံများ မှတ်ပုံတင်ခြင်းဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြပါသည်။

တိုင်းဒေသကြီးအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးနှင့် ဆန်/စပါးဈေးနှုန်း တည်ငြိမ်စေရေး၊ ဒေသဝမ်းစာ ဖူလုံအောင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ထို့အပြင် အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးမှ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဆန်ပြည်ပတင်ပို့သည့် ကုမ္ပဏီများ၊ ဆန်စက်ပိုင်ရှင်များ၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်စပါးအသင်းအဖွဲ့များ၊ ရွှေဘိုပေါ်ဆန်းတင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများမှ ဆွေးနွေးတင်ပြခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။












AZURE FOTO

# ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဆန်စပါး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး (အနောက်)တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကျင်းပ

မြန်မာ့ဆန်စပါးထုတ်လုပ်မှုတိုးတက်စေရန်၊ MSME ဆန်စက်လုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် Exporter ကုမ္ပဏီများနှင့် ဈေးကွက်ချိတ်ဆက်ပြီး ကာလတို ချေးငွေများရရှိရေး ဆောင်ရွက်နိုင်စေရန်၊ မြန်မာနိုင်ငံဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရန်၊ (၁၀)ဧကအထက် လယ်ပိုင်သော တောင်သူကြီးများ၏ ပူးပေါင်းမှုဖြင့် တစ်ဧကအထွက်နှုန်း တိုးစေရန်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အသင်းအဖွဲ့များ စုဖွဲ့ဆောင်ရွက်မှုအားကောင်းစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဇူလိုင်လ ၂၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး(အနောက်) လက်ပံတန်းမြို့နယ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ တိုင်းဒေသကြီးအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအပါအဝင် အနာဂါတ်စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးတို့ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထိုအပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်)ရှိ ဆန်စပါးအသင်းအဖွဲ့များ၊ ဆန်စက်/ဆန်ကုန်သည်များ၊ တောင်သူလယ်သမားများမှ ဆွေးနွေးတင်ပြခဲ့ကာ ရေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေး ဝိုင်းဝန်းအကြံပြု ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။











# ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် MSME ဆန်စက်လုပ်ငန်းရှင်များ၊ Big Farmer လယ်သမားကြီးများ ချေးငွေထောက်ပံ့ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲတစ်ရပ် ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် ကျင်းပ














ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးဝယ်ယူကြိတ်ခွဲရောင်းချမှု အခြေအနေနှင့် ဆန်စပါးဈေးကွက်/ ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေများနှင့် ပတ်သက်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ဩဂုတ်လ(၁၀) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး(အရှေ့)တောင်ငူမြို့နယ်တွင် ကျင်းပြုလုပ်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဆန်စပါးညီလာခံ သုံးသပ်ဖော်ထုတ်ချက်များ အကောင်အထည်ဖေါ်ဆောင်ရွက်ရေး၊ တစ်ဧကအထွက်တိုးရန် Big Farmar လယ်သမားကြီးများအား ချေးငွေထောက်ပံ့ပေးမည့် အစီအစဉ်နှင့် MSME ဆန်စက်လုပ်ငန်းရှင်များအား ချေးငွေထောက်ပံ့မည့်အစီအစဉ်များ အပါအဝင် လယ်တစ်ဧက အထွက်နှုန်းတိုးတက်ရေး၊ မိုးစပါးပေါ်ချိန်တွင် ဈေးကွက်ဈေးနှုန်းတည်ငြိမ်ရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။

တိုင်းဒေသကြီးအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေး၊ ဒေသဝမ်းစာဖူလုံရေး၊ အနာဂါတ် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထိုအပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ ဆန်စပါးအသင်းအဖွဲ့များ၊ ဆန်စက်/ဆန်ကုန်သည်များ၊ တောင်သူလယ်သမားများမှ ဆွေးနွေးတင်ပြခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေး ဝိုင်းဝန်းအကြံပြု ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။











# အထွေထွေညီလာခံ (၁/၂၀၂၃) ကျင်းပပြုလုပ်ခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံ (၁/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က အထွေထွေညီလာခံ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဆန်ကြိတ်ခွဲ ထုတ်လုပ်မှု၊ ဆန်စက်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးခင်မြင့်က ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းက ဆန်စပါးကုန်သွယ်မှု၊ ဈေးကွက်၊ ဈေးနှုန်းအခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင်က ဆန်စပါးအသင်းချုပ်၏ လက်ရှိကာလအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြခဲ့ကြပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များ၊ ဒေသကိုယ်စားလှယ်များမှ ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြသည်။ အထွေထွေညီလာခံတွင် ဖွဲ့စည်းပုံပြင်ဆင်/ ဖြည့်စွက်ရေးကိစ္စရပ်များ၊ မြန်မာ့ဆန်စပါးဥပဒေ (မူကြမ်း)၊ ဆန်စပါးသိုလှောင်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းကိစ္စရပ်များ၊ အထွေထွေကိစ္စရပ်များနှင့် တိုင်းဟိ သဘာဝဓာတ်မြေဩဇာ၊ A Insurance Group တို့မှလည်း ၎င်းတို့၏ ထုတ်ကုန်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းဆွေးနွေးခဲ့သည်။ အထွေထွေညီလာခံတွင် စိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ၊ ကြိတ်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ အခြားကုန်သွယ်မှုကဏ္ဍတို့မှ ကိုယ်စားလှယ် (၃၀၀) ဦးအနက် (၂၁၉) ဦး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီနှင့် အသင်းဝင်ကုမ္ပဏီများ၏ ပူးတွဲလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီ၊ အသင်းဝင်ကုမ္ပဏီများ၏ ပူးတွဲလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်နေ့တွင် ရန်ကုန်မြို့(UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပူးတွဲလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးတို့က ပြည်တွင်း/ ပြည်ပ ဆန်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေများ၊ သိုလှောင်ရုံမှတ်ပုံတင်ခြင်းနှင့် သိုလှောင်ရုံအာမခံစနစ်ဖြင့် ချေးငွေထုတ်ချေးမည့် အစီအစဉ်များ၊ ဆန်စပါးအထူးပြု ကုမ္ပဏီများနှင့် နယ်ဒေသရှိ MSME များ ပူးပေါင်းဆောင်ရွက်မည့် စပါးဝယ်ယူရေးအတွက် ကာလတိုငွေကြေးထောက်ပံ့မည့်အစီအစဉ်များ၊ (၁၀)ဧကအထက် ပိုင်ဆိုင်သည့် တောင်သူလယ်သမားကြီးများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးရာသီတွင် ချေးငွေ အပြည့်အဝ ထုတ်ချေးပေးနိုင်ရေးကိစ္စ၊ ပြည်တွင်း ဆန်စပါးရောင်းဝယ်မှုအပေါ် ဒေသအလိုက် စီးဝင်စီးထွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ပို့ကုန်အခြေပြုအရန်ဆန်ထားရှိရေး အစီအစဉ်၊ Export ဝင်ငွေများ ပြန်လည်ဝင်ရောက်ရန်အတွက် အလေးထားဆောင်ရွက်ရန်ကိစ္စ၊ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် စပါး/ ဆန်များကို ရောင်းဝယ်မှုပြုရေး ကိစ္စများ၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) ရေကြီးနစ်မြုပ်မှုများအပေါ် အသင်းချုပ်၊ ညီနောင်အသင်းများနှင့် ကုမ္ပဏီများအနေဖြင့် ကယ်ဆယ်ရေးအတွက် အလှူငွေ ကျပ်သိန်း(၄၀၀) လှူဒါန်းပြီးစီးမှု၊ ပြန်လည်ထူထောင်ရေးအတွက် တောင်သူများကို ကူညီရန် ရန်ပုံငွေ ကျပ်သိန်း (၅၀၀)ခန့်နှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မည့်အစီအစဉ်များနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးတင်ပြခဲ့ပြီး ပါဝင်တက်ရောက်လာသည့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အကြံပြုခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။



















# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ဒေသကော်မတီများ၊ ကုန်စည်ဒိုင်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ Exporter ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ကျင်းပပြုလုပ်ခြင်း















မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ဒေသကော်မတီများ၊ ကုန်စည်ဒိုင်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ Exporter ကုမ္ပဏီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ မေလ(၁၄)ရက်နေ့တွင် ကုန်သည်စက်မှုလက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် အသင်းချုပ်၏ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ပန်းတိုင်အထွက်နှုန်းစီမံချက်၊ Contract Farming စီမံချက်၊ ပြည်တွင်း / ပြည်ပဆန်ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ဆန်/ဆန်ကွဲ ပြည်ပတင်ပို့မှုအပေါ် တန်ချိန်(၂)သန်းတင်ပို့ရန် ရည်မှန်းထားရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ (၁.၉)သန်းတင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီ နှင့် မတ်လ တို့တွင် တန်ချိန် (၁.၅)သိန်းကျစီဖြင့် တန်(၃)သိန်း တင်ပို့ရန် လျာထားမှု၊ ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်စေရေး ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ ကုန်စည်ဒိုင်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များအပေါ် ဆန်းစစ်သုံးသပ် အကြံပြုတင်ပြရန်ကိစ္စ၊ ဆန်စပါး MSME များ ဖွံ့ဖြိုးရေးနှင့် Export Financing ကိစ္စ၊ ဆန်ဈေးကွက် တည်ငြိမ်မှု ထိခိုက်စေရန် သတင်းမှားများ၊ အစီအမံများ လုပ်ဆောင်မှုများကို ဖော်ထုတ်ရန်နှင့် သတင်းမှန်များ ထုတ်ပြန်ရန်ကိစ္စ၊ အရောင်းအဝယ်များ မှန်ကန်စေရေးနှင့် စားသုံးသူများ အထူးသဖြင့် အခြေခံဝန်ထမ်းများနှင့် အလုပ်သမား မိသားစုများအတွက် စီစဉ်ဆောင်ရွက်ပေးရမည့် ကိစ္စများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

# "ဆန်စက်လုပ်ငန်းသုံး Color Sorter ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပ









မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး **"ဆန်စက် လုပ်ငန်းသုံး Color Sorter ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို "မြန်မာ့ဆန် အလှဆင်ဖို့"** ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့တွင် ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ အမှာစကားများ အသီးသီးပြောကြားခဲ့ပါသည်။

ထို့နောက် ဆန်စက်လုပ်ငန်းသုံး Color Sorter ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် သုတေသနနှင့်ဖွံ့ဖြိုးရေးကော်မတီ အတွင်းရေးမှူး ဦးသောင်းဝင်းက ရှင်းလင်းပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆန်စက်လုပ်ငန်းသုံး Color Sorter စက်ဖွဲ့စည်းမှုနှင့် အရောင်ရွေးချယ်ခြင်း နည်းပညာ၊ စက်ကိုင်တွယ်မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာရပ်များနှင့် ပတ်သက်၍ ဆန်စက်အင်ဂျင်နီယာ ဦးဝင်းထူးက အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်သူများမှ မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် CEC / EC များ၊ Exporter ကုမ္ပဏီများ၊ တိုင်းနှင့် ပြည်နယ်အသီးသီးရှိ ဆန်စက်လုပ်ငန်းရှင်ကြီးများ၊ ဆန်စက်အင်ဂျင်နီယာများ၊ Operator များ၊ Color Sorter ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။







# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် Sanitary and Phytosanitary SPS Protocol ဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပခြင်း











စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုအရ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် Sanitary and Phytosanitary – SPS Protocol ဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို (၁၄-၆-၂၀၂၃) ရက်နေ့တွင် UMFCCI (မင်္ဂလာခန်းမ)၌ ကျင်းပပြုလုပ်ခဲ့သည်။ ရှင်းလင်းဆွေးနွေးပွဲတွင် SPS Protocol အရ ကွင်းဆင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့မည့် ကုမ္ပဏီများ၏ ဆန်စက်များ၊ သိုလှောင်ရုံများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရေးလုပ်ငန်းစဉ်များ၊ ဆန်စက်လုပ်သားများ၏ ကျန်းမာရေး၊ သန့်ရှင်းရေးဆိုင်ရာသိကောင်းစရာများ၊ တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာသို့ ဆန်/ဆန်ကွဲတင်ပို့ရာတွင် ကုမ္ပဏီများမှ လိုက်နာဆောင်ရွက်ရမည့် သိုလှောင်ရုံတွင် ကုန်ပစ္စည်းသိုလှောင်ထားရှိမှု စိစစ်ခြင်းနှင့် Pre-shipment inspection (PSI) Certificate လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့ရန် တရုတ်နိုင်ငံ GACC ဘက်သို့ အဆိုပြုတင်ပြသည့် ကုမ္ပဏီ(၆၂)ခု၊ ဆန်စက်(၇၉)ခု၊ သိုလှောင်ရုံ(၁၉)ခု ဖြစ်ပြီး၊ ယခု ၂၀၂၃ ခုနှစ်တွင် လျှောက်ထားအဆိုပြုသော ကုမ္ပဏီ(၁၄၅)ခု၊ ဆန်စက်(၁၆၁)ခု၊ သိုလှောင်ရုံ (၁၈၂)ခုတို့အား လုပ်ထုံးလုပ်နည်းများနှင့်အညီ စိတ်ဝင်စားမှုအဆိုပြုလွှာ EOI ခေါ်ယူခဲ့ပြီး ဆက်လက် စိစစ်ရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဆွေးနွေးချက်များကို ဖော်ပြပါ link - https://shorturl.at/AKLM0 တွင် Download ရယူနိုင်ပါသည်။

# တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲ တင်ပို့ခွင့်ရရှိရေးအတွက် CIFER (Online) လျှောက်ထားခြင်းဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲတို့ ပူးပေါင်းဆောင်ရွက်သည့် တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲတင်ပို့နိုင်ရန် မှတ်ပုံတင်ခွင့်ပြုချက် ရရှိနိုင်ရေးအတွက် CIFER(Online) လျှောက်ထားခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမတွင် (၂၄.၁၁.၂၀၂၃) ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဦးက တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲများ တင်ပို့ရာတွင် သတ်မှတ်ထားသည့် Protocol များအရ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များအား လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းသန်းက CIFER (Online) မှ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်အားလည်းကောင်း အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သီးနှံကာကွယ်ရေးဌာနခွဲမှ သက်ဆိုင်ရာပညာရှင်များ၊ GACC တွင် မှတ်ပုံတင်ခွင့်လျှောက်ထားမည့် ကုမ္ပဏီ (၇၆)ခုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။
















# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး









ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဆန်စပါးကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်၊ ဟွိုင်ဟွာခရိုင်၊ ဟွိုင်ဟာမြို့ ကွန်မြူနစ်ပါတီကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်၊ ဖွန်လ(၂၀)ရက်နေ့တွင် ကုန်သည်စက်မှုအသင်းချုပ် (မင်္ဂလာခန်းမ)၌ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီများက နှစ်နိုင်ငံလယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ဆန်စပါးကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံ အကျိုးရှိမည့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ၊ ဓါတ်မြေဩဇာများ ကုန်သွယ်မှုဆောင်ရွက်ရေး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုရေးတို့ကို ဆွေးနွေးခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များက မြန်မာနိုင်ငံတွင် Hybrid Rice မျိုးစေ့ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားနိုင်ရေး၊ အရည်အသွေးပြည့်မီသည့် ဆန်စပါးများထုတ်လုပ်နိုင်ရေး၊ ကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များ ထွက်ပေါ်ရေးအတွက် လေ့ကျင့်ပညာပေးနိုင်ရေး စသည့်အစီအစဉ်များအားလည်းကောင်း၊ ဆန်၊ ဆန်ကွဲများနှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများ ဝယ်ယူတင်ပို့နိုင်ရေးအစီအစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ၊ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ တရုတ်နိုင်ငံသို့ ဆန်တင်ပို့နေသည့် ကုမ္ပဏီများနှင့် Huaihua ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ ပါဝင်တက်ရောက်ကြပါသည်။

# အရန်ဆန်များ ဈေးကွက်အတွင်းသို့ ထုတ်ရောင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့ခြင်း















မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် စီစဉ်စုဆောင်းထားသော အရန်ဆန်များအား ဈေးကွက်ပေါက်ဈေးအောက်တွင် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ထုတ်ရောင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂)ရက်နေ့တွင် ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူး အပါအဝင် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ အသင်းချုပ်၏ ဆန်ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ပြည်ပဆန်တင်ပို့နေသည့် Exporter ကုမ္ပဏီကြီးများ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုအရ သိုလှောင်ထားပြီးသော အရန်ဆန်များကို သက်သာသော ဈေးနှုန်းဖြင့် စက်မှုဇုန်မှ အခြေခံအလုပ်သမား မိသားစုများ၊ ဌာနဆိုင်ရာ လစာနည်းဝန်ထမ်းများအား ရောင်းချပေးခြင်း၊ လုပ်သားပြည်သူများသို့ ဆန်ကုန်စည်ဒိုင်များ၊ စည်ပင်သာယာဈေး အရောင်းဆိုင်များမှတဆင့် ရောင်းချပေးခြင်း အစီအစဉ်များကို ဆောင်ရွက်သွားခဲ့ပြီး အသင်းချုပ်မှ (၂၈-၇-၂၀၂၃) ရက်နေ့က ထုတ်ပြန်ကြေညာထားသော ဆန်အိတ် (၅၀,၀၀၀) (Well Milled, Polished & Sortexed) ၂၅%အဆင့် ဧည့်မထဆန်များကို တစ်အိတ်လျှင် (၆၀,၀၀၀) ကျပ်နှုန်းထက် မပိုသောဈေးနှုန်းဖြင့် ရောင်းချခဲ့ပါသည်။

# ထိုင်းနိုင်ငံ ပြည်ပလေ့လာရေးခရီးစဉ်











မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင်(၈၅)ဦး ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံသို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်နေ့မှ (၁၉)ရက်နေ့အထိ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး၊ ခရီးစဉ်အတွင်း Thai Rice Exporter Association (TREA) နှင့်တွေ့ဆုံခဲ့ပြီး ဆန်စပါးလုပ်ငန်းဆိုင်ရာအခြေအနေများ၊ နိုင်ငံတကာဈေးကွက်အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ထို့အပြင် Thai Feed Mills Association (TFMA) နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်း၍ ဆန်ကွဲ၊ ပြောင်း စသော Animal Feed ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကာ ခရီးစဉ်အတွင်း Olam (Thailand)၏ တစ်နှစ်တန်(၃)သိန်း ပြည်ပတင်ပို့နေသည့် ဆန်ဖြူသန့်စင်ရောနှောစက်ရုံ၊ Siam Crystal ၏ တစ်နေ့ တန်(၅၀၀) ဖွဲနှဆီကြမ်းနှင့် တန်(၁၅၀) ဖွဲနှဆီသန့်စင်စက်ရုံ၊ 4.5 MGW စပါးခွံမှ လျှပ်စစ်ထုတ်စက်ရုံ၊ တန် (၁၀၀၀) ပေါင်းဆန်စက်ရုံများ၊ CP Group နှင့် Riceland Group တို့၏ ခေတ်မီဆန်စက်များ၊ အခြောက်ခံစက်များနှင့် သိုလှောင်ရုံများ၊ Anysort (Color Sorter) ပြခန်းနှင့် ဆန်စပါးလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆန်စပါး စိုက်ပျိုးရေး၊ ကြိတ်ခွဲရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေး၊ ဆန်စပါးဆိုင်ရာနည်းပညာရပ်များ၊ အရည်အသွေးတန်ဖိုးမြှင့်တင်မှုများဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းခြင်း၊ လေ့လာခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ခရီးစဉ်တွင် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ ဆန်စပါးလုပ်ငန်းအသီးသီး၏ ကိုယ်စားလှယ်များ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) တို့မှ ကိုယ်စားလှယ်များ ပူးပေါင်း ပါဝင်လိုက်ပါခဲ့ကြပါသည်။






MRF
Myanmar Business Delegation to
THAILAND - 2024









# ဖိလစ်ပိုင်နိုင်ငံခရီးစဉ် စီးပွားရေးမိတ်ဖက်တွေ့ဆုံခြင်းနှင့် လေ့လာရေးခရီးစဉ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့ဝင်(၁၅)ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံသို့ ဖွန်လ(၆)ရက်နေ့မှ (၉)ရက်နေ့အထိ ကုန်သွယ်မှုအခွင့်အလမ်းများ တိုးမြှင့်ရန်၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးခင်မင်မှုတိုးပွားစေရန်၊ အဖွဲ့အစည်းများအချင်းချင်း ဆက်သွယ်ရေးတိုးမြှင့်ရန်၊ ဈေးကွက်သတင်းအချက်အလက်များ ဖလှယ်ရန် အဓိက ရည်ရွယ်၍ သွားရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်းတို့ ဝယ်ယူနေသည့် ဖိလစ်ပိုင်ကုမ္ပဏီ(၈)ခုနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ခရီးစဉ်အတွင်း ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (DTI) လက်အောက်ရှိ ဖိလစ်ပိုင် နိုင်ငံတကာကုန်သွယ်ရေးကော်ပိုရေးရှင်း (PITC) ၏ President & CEO USEC Emmie Liza Perez-Chiong DMD နှင့် တွေ့ဆုံပြီး PITC နှင့် MRF တို့အကြား ပူးပေါင်းဆောင်ရွက်မည့် Memorandum of Agreement - MOA ကို လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြပါသည်။ မြန်မာအဖွဲ့သည် (၉-၆-၂၀၂၃) ရက်နေ့တွင် ဖိလစ်ပိုင် ကုန်သည်/စက်မှုအသင်းချုပ်(PCCI) ဥက္ကဋ္ဌ ဖြစ်သူ Mr. George Barcelon နှင့် ဖိလစ်ပိုင် စီးပွားရေးလုပ်ငန်းရှင်များအား မနီလာမြို့၊ PCCI Head Office တွင် သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန်၊ အာဆီယံအဖွဲ့ဝင်များဖြစ်သည့်အားလျော်စွာ အာဆီယံစီးပွားရေးရပ်ဝန်းအတွင်း နှစ်နိုင်ငံလုပ်ငန်းရှင်များအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရန် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ခရီးစဉ်အတွင်း စီစဉ်ညှိနှိုင်း ကူညီပူးပေါင်းပါဝင်ပေးသော မြန်မာသံရုံး ယာယီတာဝန်ခံ၊ မြန်မာစီးပွားရေးသံမှူးနှင့် မြန်မာသံရုံး (မနီလာ) မိသားစုဝင်များအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။









Philippine Chamber of Commerce and Industry
COURTESY VISIT OF
UNION OF MYANMAR





# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးဆောင်သော အဖွဲ့ဝင်(၅)ဦးတို့သည် ဘင်္ဂလားဒေ့နိုင်ငံ၊ ဒါကာမြို့သို့ 10.3.23 ရက်မှ 14.3.23 ရက်နေ့ထိ သွားရောက်ခဲ့ကြပါသည်။ ခရီးစဉ်အတွင်း Ministry Of Commerce၊ Ministry of Food တို့မှ အစိုးရဌာနဆိုင်ရာ အရာရှိများဖြင့် တွေ့ဆုံဆွေးနွေးခြင်း၊ စီးပွားရေးအဖွဲ့အစည်း ကုမ္ပဏီများဖြင့် တွေ့ဆုံခြင်းနှင့် Bangladesh Business Summit 2023 သို့လည်း တက်ရောက်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းများ၊ ၎င်းတို့၏ စီးပွားရေး၊ ကုန်သွယ်မှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်မှုပုံစံများနှင့် အခြားဆက်လက်လေ့လာစရာ၊ အတုယူစရာ အခြေအနေများအား များစွာ တွေ့ရှိခဲ့ရပါသည်။












## ဖိလစ်ပိုင်နိုင်ငံခရီးစဉ် World Rice Conference 2023 သို့တက်ရောက်ခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့ဝင်(၂၂)ဦးတို့ သည် ဖိလစ်ပိုင်နိုင်ငံသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ(၂၈)ရက်နေ့မှ နိုဝင်ဘာ (၃၀)ရက်နေ့ထိ ဖိလစ်ပိုင်နိုင်ငံ၊ Cebu မြို့တွင် ကျင်းပပြုလုပ်သော International World Rice Conference Summit 2023 ပွဲသို့ ကုန်သွယ်မှုအခွင့်အလမ်းများတိုးမြှင့်ရန်၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီး ခင်မင်မှုတိုးပွားစေရန်၊ အဖွဲ့အစည်းများ အချင်းချင်း ဆက်သွယ်ရေးတိုးမြှင့်နိုင်ရန်နှင့် ဈေးကွက်သတင်း အချက်အလက်များဖလှယ်ရန် အဓိကရည်ရွယ်၍ တက်ရောက်ခဲ့ကြပါသည်။






# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ Good Rice ၊ Good Price အစီအစဉ်ဆောင်ရွက်မှု

ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် စက်ရုံ အလုပ်ရုံ၊ စက်မှုဇုန်များမှ ဝန်ထမ်းများ၊ အခြေခံလုပ်သားပြည်သူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များအတွက် တစ်နိုင်တစ်ပိုင်အဖြစ် တစ်လလျှင် (၁၀)ကီလို ဆန်အိတ်ငယ်များအဖြစ် ပေါ်ဆန်းဆန်(၁)အိတ်၊ ဧည့်မထဆန်(၁)အိတ်ကို ဈေးနှုန်းသက်သာစွာဖြင့် (၂၀၂၂)ခုနှစ်မှ စတင်၍ လစဉ်ရောင်းချပေးနိုင်ခဲ့ပါသည်။ ပုံမှန်အားဖြင့် ပေါ်ဆန်း(၁၀)ကီလိုအိတ်နှင့် ဧည့်မထ(၁၀)ကီလိုအိတ်များအား လစဉ်ပျှမ်းမျှ (၂)သောင်း (၃)သောင်းခန့် ရောင်းချပေးနိုင်ခဲ့ပါသည်။

Good Rice ၊ Good Price ဆန်များရောင်းချမှုဇယား (၃၀.၄.၂၀၂၄)ရက်နေ့အထိ

| စဉ် | အကြောင်းအရာ | ပေါ်ဆန်း(10Kg) | ဧည့်မထ(10Kg) | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဌာနဆိုင်ရာ | ၁၆၆၈၃၉ | ၁၃၀၉၃၀ | ၂၉၇၇၆၉ |
| ၂။ | စက်မှုဇုန်နှင့်စက်ရုံအလုပ်ရုံ | ၅၉၆၂၅ | ၁၀၁၄၀၁ | ၁၆၁၀၂၆ |
| ၃။ | အသင်းအဖွဲ့အရောင်းများ | ၆၆၆၀ | ၁၄၇၇၇ | ၂၁၄၃၇ |
| ၄။ | အခွန်လွတ်ဈေးအရောင်းများ | ၄၅၅၀ | ၉၁၈၀ | ၁၃၇၃၀ |
| | စုစုပေါင်း | ၂၃၇၆၇၄ | ၂၅၆၂၈၈ | ၄၉၃၉၆၂ |

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် အရန်ဆန်များရောင်းချပေးမှု

ပြည်တွင်းဆန် ဈေးနှုန်းတည်ငြိမ်စေရေး၊ ပြည်ပတင်ပို့မှုစနစ်တကျရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ခွင့်ပြုချက်နှင့်အညီ ပြည်ပသို့ ဆန်၊ ဆန်ကွဲတင်ပို့မှု တန်ချိန်အပေါ် အခြေပြုပြီး အရန်ဆန်များကို ကုမ္ပဏီများနှင့် လစဉ်ညှိနှိုင်းသတ်မှတ်ဝယ်ယူခဲ့ပါသည်။ အဆိုပါ အစီအစဉ်အား (၅.၆.၂၀၂၃)ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါပြီး ဝယ်ယူထားရှိသည့် အရန်ဆန်များအား ညွှန်ကြားချက်များနှင့်အညီ ဈေးနှုန်းသက်သာစွာဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့ မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရန်ကုန်မြို့/မန္တလေးမြို့ရှိ ဆန်လက်လီလက်ကားဆိုင်များနှင့် ကုန်စည်ဒိုင်များမှတဆင့် ဖြန့်ဖြူးရောင်းချခြင်းများကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ပို့ကုန်အခြေပြု အရန်ဆန်အစီအစဉ်ဆောင်ရွက်ထားမှု အခြေအနေပြဇယား (၅.၆.၂၀၂၃) မှ (၃၀.၄.၂၀၂၄) အထိ

| စဉ် | အကြောင်းအရာ | အိတ်ရေ |
|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး လက်လီဆန်ဆိုင် (၅၂)ဆိုင်မှ တဆင့် ရောင်းချခြင်း။ | ၄၄၁၇၀ |
| ၂။ | တပ်ရင်းတပ်ဖွဲ့ မိသားစုဝင်များအတွက် လစဉ်ရောင်းချခြင်း။ | ၉၂၆၄၃ |
| ၃။ | ဝန်ကြီးဌာန၊ ဌာနဆိုင်ရာ ( ၉ )ခုသို့ ရောင်းချခြင်း။ | ၄၆၀၁ |
| ၄။ | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဌာနများသို့ ရောင်းချခြင်း။ | ၃၈၇၁၀ |
| ၅။ | စက်မှုဇုန်များရှိ စက်ရုံဝန်ထမ်းများနှင့်ဌာနဆိုင်ရာဝန်ထမ်းများသို့ GRGP အစီအစဉ်ဖြင့် လစဉ်ရောင်းချခြင်း။ | ၅၂၆၀၈ |
| ၆။ | ကုန်စည်ဒိုင်၊ အခွန်လွတ်ဈေးများတွင် ရောင်းချခြင်း။ | ၄၇၅၀ |
| ၇။ | အခြား (ကုမ္ပဏီနှင့် အသင်းအဖွဲ့) | ၁၉၂၆ |
| | စုစုပေါင်းဖြန့်ဖြူးမှု | ၂၃၉၄၀၈ |



## ဆိုင်ကလုန်းမုန်တိုင်း မိုခါအတွက် လှူဒါန်းခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ၂၀၂၃ ခုနှစ်၊ မေလ(၁၄)ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ ငွေကျပ် ၂၀၀၀,၀၀၀,၀၀/- (ကျပ် သိန်းနှစ်ထောင် ကျပ်တိတိ) အား ပေးအပ်လှူဒါန်းခဲ့ပါသည်။

## Coronavirus Disease 2019 (Covid-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီသို့ လှူဒါန်းခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့တွင် Coronavirus Disease 2019 (Covid-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီသို့ Covid-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေအတွက် ကျပ် ၁၀၀,၅၀၀,၀၀၀ (ကျပ်သိန်းတစ်ထောင့်ငါးသိန်း) အား လှူဒါန်းခဲ့ပါသည်။





## ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့(စစ်တွေမြို့)သို့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၏ ဆန်စပါးထုတ်လုပ်ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေကျပ် ၁၀၀၀၀၀၀၀၀/- (ကျပ် သိန်းတစ်ထောင်တိတိ)အား လှူဒါန်းခဲ့ပါသည်။

## ဆန်စပါးလုပ်ငန်းမိသားစုများဖြစ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်၊ (မန္တလေး၊ မူဆယ်၊ ဘုရင့်နောင်) ဆန်စပါးကုန်စည်ဒိုင်များတို့၏ အသင်းဝင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်ပွဲစားအကျိုးဆောင်များ၊ ဆန်စပါးကုမ္ပဏီများတို့၏ (၁၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူပွဲ

(၁၆-၁၁-၂၀၂၃) ရက်နေ့တွင် သံတွဲမြို့၊ ပုလဲရတနာ ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တက္ကန္ဒာစာရ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇ) အား အမှူးထား၍ ရခိုင်ပြည်နယ်(တောင်ပိုင်း)ရှိ ဘုန်းတော်ကြီးကျောင်း(၁၆)ကျောင်းသို့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း(ရန်ကုန်မြို့)၌ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုအစုစုနှင့် (၂၂-၁၁-၂၀၂၃) ရက်နေ့တွင် ခရိုင်သာသနာရေးဦးစီးဌာနနှင့် ရခိုင်ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ဦးဆောင်ပြီး ရခိုင်ပြည်နယ်(မြောက်ပိုင်း)ရှိ ဘုန်းတော်ကြီးကျောင်း (၁၅)ကျောင်းသို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထု စုစုပေါင်း တန်ဖိုးကျပ် (၉၂,၉၀၆,၀၀၀) အား ဆက်ကပ်လှူဒါန်းခြင်း။



















# ရခိုင်ပြည်နယ်သို့ သွားရောက်ခြင်း









မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်ပြီး အဖွဲ့ဝင်(၂၂)ဦး ပါဝင်သောအဖွဲ့သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ (၁၂-၈-၂၀၂၃) ရက်နေ့မှ (၁၄-၈-၂၀၂၃) ရက်နေ့အထိ သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ် ဆန်စပါးထုတ်လုပ်ရောင်းချမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မိုခါဆိုင်ကလုန်း မုန်တိုင်းသင့် ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးတွင် သုံးစွဲရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများက စုပေါင်းပြီး ကျပ်ငွေသိန်း(၁,၁၀၀) ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဩဂုတ်လ(၁၂)ရက်နေ့တွင် လှူဒါန်းခဲ့ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများ၊ အစိုးရဌာနဆိုင်ရာများ၊ ရခိုင်ပြည်နယ်ရှိ ဆန်စက်ပိုင်များ၊ ဆန်ကုန်သည်များ၊ တောင်သူကြီးများနှင့် တွေ့ဆုံကာ မိုခါမုန်တိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းကူညီဆောင်ရွက်နိုင်ရန်၊ ဆန်စပါးဈေးကွက်တည်ငြိမ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး၊ ဆန်စပါးသိုလှောင်ကြိတ်ခွဲမှုနှင့် ဆန်စပါးလုပ်ငန်းဆိုင်ရာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်မှုအခြေအနေများ၊ မြစ်ရေတင် စီမံကိန်းဆောင်ရွက်နိုင်ရေး၊ Integrated Farming ဆောင်ရွက်နိုင်ရေးနှင့် ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ Master Plan တစ်ရပ် ရေးဆွဲနိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါအတွက် လှူဒါန်းခြင်း

၁၄.၅.၂၀၂၃ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုမ္ပဏီများ ပူးပေါင်းလှူဒါန်းငွေ ကျပ်သိန်း(၁၁၀၀)နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများအတွက် ဆန်အိတ် (၂၁၆) အိတ်အား လှူဒါန်းခဲ့ပါသည်။






## မိုခါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရန်ဆန်အိတ် (၅) သိန်းကို ကွင်းဆင်းစစ်ဆေးခြင်း

နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် အရန်ဆန်ဝယ်ယူရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ လိုက်ပါ၍ ဒုတိယအကြိမ် ဝယ်ယူစုဆောင်းနေသည့် နိုင်ငံတော်အရန်ဆန်များ စုဆောင်းထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် အရန်ဆန်အိတ်(၂)သိန်းကို ၂၀၂၃ ခုနှစ်၊ မေလအတွင်း ပထမအကြိမ် ဝယ်ယူစုဆောင်းခဲ့ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများသို့ နိုင်ငံတော်မှ ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ဒုတိယအကြိမ် ဆန်အိတ်(၅)သိန်းကို ထပ်မံဝယ်ယူစုဆောင်းခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများသို့ ဆက်လက်ပို့ဆောင်ပေးရန် စီစဉ်ထားရှိမှုအပေါ် ဝယ်ယူစုဆောင်းထားသည့် အရန်ဆန်များ သတ်မှတ်အရည်အသွေးနှင့် အလေးချိန်ပြည့်မီခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ပါသည်။





# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် အသင်းဝင်ကုမ္ပဏီများမှ စုပေါင်းလှူဒါန်းခြင်း










# ရန်ကုန်တိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချပေးခဲ့မှုအစီအစဉ်များ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပုဂ္ဂလိက အရောင်းဆိုင်(၄၂)ဆိုင်နှင့် ပူးပေါင်းပြီး ဧည့်မထဆန် တစ်ပြည်(၂၅၀၀)ကျပ်ဖြင့်ရောင်းချသောအစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်၍ဆန်ဈေးနှုန်းတည်ငြိမ်စေရန်နှင့်ကျဆင်းစေရန် ရည်ရွယ်ပြီးမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဧည့်မထဆန် Export Quality (Well-milled, Polished & Sorted) တစ်ပြည်(၂၅၀၀)ကျပ်ဖြင့် ရောင်းချပေးမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ပူးပေါင်းပြီး လှိုင်သာယာမြို့နယ်တွင် အမှတ်(၂၀)ရပ်ကွက် ဈေးနှင့် တာမွေမြို့နယ် အခွန်လွတ်ဈေးတို့တွင် အရောင်းဆိုင်များ ထပ်မံတိုးချဲ့ ဖွင့်လှစ်ရောင်းချပေးခဲ့ပါသည်။

သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမှု အစီအစဉ်များ၊ ကုန်စည်ဒိုင်များတွင် ရောင်းချမှုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံ ဝန်ထမ်းများအတွက် ဆန်ရောင်းချမှုများ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပေးပို့ရောင်းချမှုများ၊ ယာဉ်ဖြင့် လှည့်လည်ရောင်းချမှုများ၊ အခွန်လွတ်ဈေးများတွင် ရောင်းချမှုများ စသည်ဖြင့် နည်းလမ်း(၆)မျိုးဖြင့် ဆန်ဖြန့်ဖြူးရောင်းချမှုများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များ၊ ဆန်စပါးကုမ္ပဏီများ၊ ဆန်စက်ပိုင်များ၊ ကုန်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။





















MIKKO





# မန္တလေးတိုင်းဒေသကြီးတွင် သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမှုအစီအစဉ်များ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လမ်းညွှန်ချက်အရ မန္တလေးတိုင်း ဆန်ကုန်သည်များအသင်းမှ စီစဉ်၍ ကုမ္ပဏီများ၊ ဆန်စက်များ၊ ဆန်ပွဲရုံများ၊ ဆန်လက်လီဆိုင်များမှ ဆန်တစ်ပြည်လျှင် (၂၅၀၀)ကျပ်နှုန်းဖြင့် ဆိုင်ပေါင်း(၅၃)ဆိုင် နေရာပေါင်း(၆၄) နေရာတွင် ရောင်းချပေးခြင်း မှတ်တမ်းများ












MRF


MRF
Myanmar Rice Federation


ငွေလာဘ်ရှင်
ဆန်လက်လီလက္ကား ရောင်းဝယ်ရေး
MRF
Myanmar Rice Federation
မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း
မန္တလေးတိုင်းဒေသကြီး (အသင်းခွဲ)
လမ်းညွှန်မှုဖြင့် ( ငွေလာဘ်ရှင် ဆန်ပွဲရုံ ) မှ
လူ(၁)ဦးလျှင် ဆန်(၁)ပြည် ၂၅၀၀/- နှုန်းဖြင့်
ရောင်းချပေးပါမည်။


MRF


MRF

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မိုးရာသီဈေးရောင်းပွဲတော် ဆန်အရောင်းဆိုင် မှတ်တမ်းဓါတ်ပုံများ











# စားသုံးသူပြည်သူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် ဆန်ရောင်းချမှုအစီအစဉ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း Myanmar Rice Co.,Ltd နှင့် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)တို့၏ ပူးပေါင်းညှိနှိုင်းစီစဉ်မှုအရ ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူ ပြည်သူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် ဆန်ရောင်းချမှု အစီအစဉ်ကို (၁၄.၉.၂၀၂၁) ရက်နေ့မှ စတင်ပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆန်ဝယ်ယူသူများအနေဖြင့် မိမိတို့ ကြိုက်နှစ်သက်သည့် ဆန်အိတ် (၁)အိတ်မှ (၃)အိတ်အထိ ဝယ်ယူရရှိနိုင်ပါသည်။ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသော ဆန်အမျိုးအစားများမှာ ရွှေဘိုပေါ်ဆန်း၊ ရောဝတီပေါ်ဆန်း၊ ရောမင်း ၅%၊ ရက်(၉၀) နှင့် ဧည့်မထတို့ ဖြစ်ပါသည်။















## ပြည်ထောင်စုတစ်ဝန်းလုံး ဆန်ဈေးတည်ငြိမ်စေရန်နှင့် ကျဆင်းစေရန်အတွက် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း အသင်းချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်ကုန်သည်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရောင်းဆိုင်များဖွင့်၍ ဧည့်မထဆန်အမျိုးအစားကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းမှတ်တမ်းများ















# ၂၀၂၁ မှ ၂၀၂၃ ခုနှစ်အတွင်း အသင်းချုပ်မှ လက်ခံရရှိသည့် ဂုဏ်ပြုမှတ်တမ်းလွှာများ

**ကိုဗစ်-၁၉ ဖြစ်ပေါ်ချိန် ၂၀၂၀-၂၀၂၁ ကာလတွင် နိုင်ငံတော်မှ ဆောင်ရွက်သည့် အရေးပေါ်ရိက္ခာဆန်များဖြန့်ဖြူးခြင်းလုပ်ငန်း နှင့် ကာကွယ် ထိန်းချုပ် ကုသရေး ဗဟိုကော်မတီ သို့ ကာကွယ်ဆေးဝယ်ယူရရှိရေး လှူဒါန်းခြင်း**




















# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သန်းဦး

### အသက်(၅၇)နှစ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ(ငြိမ်း) မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ဥက္ကဋ္ဌ(ငြိမ်း) ဖြစ်သူ ဦးအောင်သန်းဦးသည် (၃-၅-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးအောင်သန်းဦးအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင်လည်းကောင်း၊ ဆန်စပါးကဏ္ဍကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ပြည်တွင်းပြည်ပအသင်းအဖွဲ့များ၊ ကော်မတီဝင်များ၊ အသင်းသူအသင်းသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဦးဆောင်ဦးရွက် ပြုလုပ်ပေးခဲ့ခြင်း၊ ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ပေးခြင်းတို့အတွက် အသင်းချုပ်အနေဖြင့် နမြောတသစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။













## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အလုပ်အမှုဆောင် ဦးစိန်အေးမောင် (ပြည်အေးငြိမ်းဆန်ပွဲရုံ) အသက်(၆၅)နှစ်သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကွယ်လွန်သွားသည့် ဆုံးရှုံးမှုအတွက် အသင်းချုပ်အနေဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဦးစိန်အေးမောင်၏ အသင်းချုပ်တွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၏ ဆန်စပါးကဏ္ဍ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခဲ့မှုများကို အလုပ်အမှုဆောင်အဖွဲ့မှ အသိအမှတ်ပြု မှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်ကော်မတီဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်၊ မန္တလေးတိုင်းဒေသကြီး ဆန်စပါး ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်အောင်(အောင်သစ္စာဆန်ပွဲရုံ) အသက်(၅၇)နှစ်သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်နေ့တွင် ကွယ်လွန်သွားသည့် ဆုံးရှုံးမှုအတွက် အသင်းချုပ်အနေဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဦးကျော်အောင်၏ အသင်းချုပ်တွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၏ ဆန်စပါးကဏ္ဍ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကို အလုပ်အမှုဆောင်အဖွဲ့မှ အသိအမှတ်ပြု မှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်ကော်မတီဝင်များ**





## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ကုမ္ပဏီဖြစ်သော Wilmar Myanmar Riceland Limited မှ ဦးအောင်မြင် အသက်(၅၆)နှစ်သည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်ကော်မတီဝင်များ**

# အကျိုးပြုစာအုပ်များထုတ်ဝေဖြန့်ချီခြင်းကဏ္ဍ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပုဂ္ဂလိကအခန်းကဏ္ဍမှနေ၍ မြန်မာ့ဆန်စပါးလောက ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အကျိုးပြု စာပေဗဟုသုတများကို ရံဖန်ရံခါ စီစဉ်ထုတ်ဝေဖြန့်ချီလျက်ရှိပါသည်။ အသင်းချုပ်သည် FAO ၏ ခွင့်ပြု ချက်ဖြင့် "စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းလက်စွဲ"၊ "စပါးမျိုးစေ့ထောက်ခံဖြန့်ဖြူးခြင်းလက်စွဲ" နှင့် တောင်သူလယ်သမား ကြီးများလေ့လာရန်အတွက် စပါးအထွက်တိုးရေးနည်းပညာစာအုပ်များကို အသင်းချုပ်အနေဖြင့် ထုတ်ဝေထားရှိပြီး ဖြစ်ပါသည်။







































# အကျိုးပြုစာအုပ်စာစောင်များထုတ်ဝေဖြန့်ချီခြင်း




































# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ပါဝင်ပြုစုတင်ပြခဲ့သည့် အဆိုပြုတင်ပြချက်များနှင့် အကြံပြုစာတမ်းများ





















# သတင်းထုတ်ပြန်ချက်များ

MRF
Myanmar Rice Federation

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
သတင်းထုတ်ပြန်ကြေညာချက်

ရက်စွဲ ။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၂၈)ရက်

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ (၂၀၂၂ - ၂၀၂၄) သက်တမ်းကာလအတွက် ရွေးချယ် တင်မြှောက်မှုလုပ်ငန်း အဆင့်ဆင့်ကို ၂၀၂၂ခုနှစ် မတ်လ/ဧပြီလများတွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲကော်မရှင်ကိုလည်း(၂၃.၁၂.၂၀၂၁)ရက်နေ့က ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲတွင် အစီအစဉ်အရ အထွေထွေညီလာခံကိုယ်စားလှယ်များမှ တင်၍ အလုပ်အမှုဆောင် ကော်မတီဝင်များ၊ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်များ၊ စီမံခန့်ခွဲရေးကော်မတီနှင့် တာဝန်များ ဖြစ်သော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေအတွင်းရေးမှူးများ စသည်ဖြင့် အဆင့်ဆင့်ရွေးချယ်တင်မြှောက်သည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။

၃။ (၂၀၂၂-၂၀၂၄) သက်တမ်းကာလအတွက် အသင်းချုပ်၏ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသောအသင်းချုပ် အသင်းဝင် လုပ်ငန်းရှင်/ကုမ္ပဏီတို့မှ ကိုယ်စားလှယ်တို့သည် အထွေထွေညီလာခံကိုယ်စားလှယ်အဖြစ်မှ တင်၍ အဆင့်ဆင့်ပါဝင် ရွေးချယ်ခံ ရမည် ဖြစ်ပါသည်။ အသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ပါဝင်သော အရည်အချင်းသတ်မှတ်ချက်များ နှင့် ကိုက်ညီရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိပါက အဆိုပြုလွှာနှင့်အတူတင်၍ အဆိုပြုလျှောက်ထားနိုင်ပါကြောင်းနှင့် အဆိုပြုလျှောက်လွှာကို အသင်းချုပ်ရုံး၊ အဖွဲ့နှင့် ဆက်သွယ်ရယူနိုင်ပြီး (၁၅.၂.၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုတင်ပြနိုင်ပါကြောင်း အသိပေး ထုတ်ပြန် အပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

---

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်

MRF
Myanmar Rice Federation

"မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဒေသကော်မတီ(၂) ဖွဲ့စည်းခြင်း"

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဒေသကော်မတီ (၂)အား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက် နှင့်အညီ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ပူးပေါင်း ကူညီဆောင်ရွက်မှုဖြင့် (၂၇.၁.၂၀၂၁)ရက်နေ့တွင် Online Virtual စနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

၂။ ဒေသကော်မတီ ရွေးချယ်ပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် တွဲဖက်စာရင်းစစ်တို့ ပါဝင်တက်ရောက်ကြပြီး ရွေးချယ်ရေးကြီးကြပ်မှုအဖွဲ့၊ အကြံပေးပုဂ္ဂိုလ်များက စစ်ကိုင်းတိုင်းဒေသကြီးရှိ ကသာမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူးမြို့နယ်၊ ဗန်းမော်မြို့နယ်၊ ထီးချိုင့်မြို့နယ်၊ အင်းတော်မြို့နယ်နှင့် ကောလင်းမြို့နယ်များ၏ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မြို့နယ်အမှုဆောင် (၇၀)ဦးအနက်မှ ဒေသကော်မတီဝင်များကို အများဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်ပါဝင်သည့် ဒေသကော်မတီဝင် (၁၅)ဦးကို ရွေးချယ်ပေးခဲ့ကြပါသည်။

---

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်

MRF
Myanmar Rice Federation

"မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဒေသကော်မတီ(၁) ဖွဲ့စည်း"

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဒေသကော်မတီ(၁) အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့၏ ပူးပေါင်းကူညီ ဆောင်ရွက်မှုဖြင့် (၁၁-၁-၂၀၂၁) ရက်နေ့တွင် Virtual စနစ် အသုံးပြု၍ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

၂။ ဒေသကော်မတီ ရွေးချယ်ပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး နှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ ပါဝင်တက်ရောက်ကြပြီး ရွေးချယ်ရေးကြီးကြပ်မှုအဖွဲ့၊ အကြံပေးပုဂ္ဂိုလ်များက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်၊ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်များ၏ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မြို့နယ်အမှုဆောင် (၈၀)ဦး အနက်မှ ဒေသကော်မတီဝင် များကို အများဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ အဖြစ် ဦးအောင်ခန့် ပါဝင်သည့် ဒေသကော်မတီဝင် (၂၁)ဦးကို ရွေးချယ် ပေးခဲ့ကြပါသည်။

---

**ဆန်စပါးသိုလှောင်မှု မှတ်ပုံတင်ရေး စီစဉ်ဆောင်ရွက်ရန် နှင့်**
**သင့်တင့်မျှတသော ဆန်ဈေးနှုန်းများ (Reasonable Market Price) ဖြင့်**
**ရောင်း/ ဝယ်ရန် တိုက်တွန်းနှိုးဆော်ချက်များ ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် အသင်းဝင်ကုမ္ပဏီများ၊ အသင်းဝင်ဆန်စက်ပိုင်/ ဆန်ကုန်သည်များ အတွက် ၂၀၂၃ မိုးစပါးပေါ်ချိန်တွင် သင့်တင့်မျှတသော စပါးဈေးနှုန်းများဖြင့် ဝယ်ယူရေး ဆောင်ရွက်ရန် ရည်ညွှန်းစပါး ဈေးနှုန်းများကို (၂၁-၉-၂၀၂၃) ရက်နေ့ကတည်းက အသိပေးထုတ်ပြန် ကြေညာခဲ့ပါသည်။

၂။ အထက်ဖော်ပြပါအတိုင်း ဆန်စပါးဈေးကွက် တည်ငြိမ်မှုရှိစေရန် ရည်ညွှန်းစပါးဈေးနှုန်းများ ထုတ်ပြန်ပေး ခဲ့မှုအပေါ် စားသုံးသူရေးရာဦးစီးဌာနနှင့် အသေးစိတ် ညှိနှိုင်းတိုင်ပင် ဆွေးနွေးခဲ့ပြီး၊ အဆိုပါ စပါး ဈေးနှုန်းများနှင့် လိုက်လျောညီထွေ ရှိစေမည့် ဆန်ဈေးနှုန်းများ ဖြစ်စေရန် ထိန်းကျောင်းဆောင်ရွက်မည့် အစီအမံများ၊ ဈေးနှုန်းများကို လည်း သတ်မှတ်ထားပြီး ဖြစ်ပါသည်။ ဆန်စပါးသိုလှောင်မှုနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ပူးတွဲ (က)ပါ အသိပေး ကြေညာချက်နှင့်အညီ သိုလှောင်ရုံများ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရန် လိုအပ် ကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါသည်။

၃။ ထို့အပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်ကုမ္ပဏီများ၊ ဆန်စက်ပိုင်များ၊ ဆန်ကုန်သည်များ အနေဖြင့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်း (Reasonable Market Price) အတိုင်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ အတွက် ပူးတွဲ (ခ)ပါ ဆန်ဈေးနှုန်းများဖြင့် ရောင်း/ ဝယ်ခြင်း ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# သတင်းထုတ်ပြန်ချက်များ

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၇/၂၀၂၃)**
**၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်**
**ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး ကာလတိုချေးငွေ လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်အသိပေးခြင်း**

၁။ လယ်ယာမြေ (၁၀)ဧကအထက် ပိုင်ဆိုင်သည့် တောင်သူလယ်သမားကြီးများ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကာလတိုချေးငွေအဖြစ် တစ်ဧကလျှင် ကျပ် (၄)သိန်းထုတ်ချေးပေးနိုင်ရေးကို မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် လိုင်စင်ရ ပုဂ္ဂလိကဘဏ်များ ညှိနှိုင်းပေါင်းစပ် စီစဉ်လျက်ရှိပါသည်။

၂။ အဆိုပါ အစီအစဉ်အရ ပိုစ်(၇)မျိုးအား အာမခံအဖြစ် တင်ပြလျှောက်ထားရန်၊ စပါးသီးနှံတစ်ရာသီ (၄)လမှ (၅)လ အထိ ချေးငွေကာလထားရှိရန်၊ အတိုးနှုန်းကို (၁)နှစ်လျှင် (၁၀)ရာခိုင်နှုန်းနှုန်းဖြင့် ထုတ်ချေးပေးရန်၊ တစ်ဧကလျှင် ကျပ်(၄)သိန်းနှုန်းဖြင့် ဧက(၁၀၀)အထိ ထုတ်ချေးပေးရန်။ လျှောက်လွှာများကို မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှတဆင့် သက်ဆိုင်ရာဘဏ်များသို့ စိစစ်ပေးပို့ရန် ညှိနှိုင်းထားရှိပါသည်။

၃။ သို့ပါ၍ အစီအစဉ်တွင် ပါဝင်လျှောက်ထားလိုသည့် လယ်ယာမြေ (၁၀)ဧကအထက် ပိုင်ဆိုင်သည့် တောင်သူ လယ်သမားကြီးများသည် ပူးတွဲဖော်ပြပါလျှောက်လွှာပုံစံဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ Email admin@mrf.com.mm ဖြင့်လည်းကောင်း (သို့မဟုတ်) Viber Phone နံပါတ် (09-400067240) ဖြင့်လည်းကောင်း (သို့မဟုတ်) သင့်ရာနည်းဖြင့်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်အသိပေး အပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

---

ပူးတွဲ (က)

**အသိပေးကြေညာချက်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

